မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၄ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၇/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး**<br>**ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးကျော်ငွေ | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန |
| (ခ) | ဦးအောင်ဖြူ | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန<br>သမဝါယမဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာညီညီကျော် | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဒေါ်ခင်ဆွေမြင့် | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး |
|---|---|
| | **ရာထူး၊ ဌာန** |
| ( င ) ဒေါက်တာငွေးအောင် | ပါမောက္ခချုပ်<br>မော်လမြိုင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| ( စ ) ဒေါက်တာညွန့်ဖေ | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) ဒေါက်တာလှငွေး | ပါမောက္ခချုပ်<br>ဒဂုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| ( ဇ ) ဒေါက်တာအေးကျော် | ပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) ဒေါက်တာဒေါ်မူမူမြင့် | ပါမောက္ခချုပ်<br>တောင်ကြီးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ည) ဒေါက်တာဇော်လင်း | ပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| ( ဋ ) ဒေါက်တာဒေါ်လွင်လွင်စိုး | ပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| ( ဌ ) ဒေါက်တာငွေးလင်းမောင် | ပါမောက္ခချုပ်<br>မအူပင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| ( ဍ ) ဒေါက်တာတင်ထွန်းမြင့် | ပါမောက္ခချုပ်<br>ရွှေဘိုတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (ပ) ဒေါက်တာဒေါ်မြမြအေး | ပါမောက္ခချုပ်<br>ဘားအံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဏ) ဒေါက်တာမြင့်လွင် | ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (တ) ဒေါက်တာခင်မောင်ဦး | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကြည်မင်းအား အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်) ဗုဒ္ဓဟူးနေ့မှာ **အီဒွလ်အသွာဟာ (ဘက္ကရီအီးဒ်)** နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

(ပုံ) ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

## ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမရက်မြောက်နေ့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ မလှိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၏ "အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများအတွက် ချေးငွေရယူခြင်းကိစ္စ" နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်း၏ဖြေကြားချက်များ

**ဦးအေးမောင် (မလှိုင်မဲဆန္ဒနယ်) မှ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများအတွက် ချေးငွေရယူခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းချက်**

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့တစ်ပတ်ကမေးတဲ့ မေးခွန်းအပေါ်မှာ ဆက်လက်ပြီးတော့ ပြန်လည်မေးမြန်းသွားမှာဖြစ်ပါတယ်။ အသေးစား၊ အလတ်စား စက်မှုလက်မှုဘဏ်အနေနဲ့ ချေးငွေများအပေါ် ဆောင်ရွက်မှုအခြေအနေနဲ့ပတ်သက်လို့ မေးမြန်းမှာဖြစ်ပါတယ်။ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေတဲ့ စက်မှုဝန်ကြီးဌာနရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ စက်မှုမှတ်ပုံတင်စာရင်းများအား မြို့နယ်များသို့ ပေးပို့နိုင်ခြင်း ရှိ/မရှိ၊ စက်မှုလုပ်ငန်းဆောင်ရွက်နေသူအဖြစ် ထောက်ခံချက်ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ၊ မထုတ်ပေးနိုင်ပါက မည်သည့်အတွက် မထုတ်ပေးနိုင်ကြောင်း အဆိုပါ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်း ဆောင်ရွက်နေသူအဖြစ် ထောက်ခံချက်လက်မှတ် ထုတ်မပေးနိုင်လျှင် အဆိုပါဌာနမှ အသိအမှတ်ပြုထားသော စက်မှုမှတ်ပုံတင်လက်မှတ် မူရင်း/မိတ္တူများဖြင့် တင်ပြလာပါက စက်မှုလုပ်ငန်းများ ဆောင်ရွက်နေသူအဖြစ် အထောက်အထားဖြစ်ကြောင်း အသိပေးကြော်ငြာစာ ထုတ်ပြန်နိုင်ခြင်း ရှိ/မရှိ၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိလိုပါကြောင်းနှင့် စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများအား အဆင့်ဆင့် မည်သို့မည်ပုံချေးငှားနိုင်ပါကြောင်း ရှင်းလင်းတင်ပြပေးပါရန်နှင့် ယနေ့ မြန်မာ့ရုပ်မြင်သံကြားတွင် တင်ဆက်ပြသနေသော အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းကြော်ငြာနှင့် ယနေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းပေါ်လစီများ ကိုက်ညီမှု ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအေးမောင် (မလှိုင်မဲဆန္ဒနယ်) မှ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများအတွက် ချေးငွေရယူခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန) မှ ဖြေကြားချက်**

ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ စက်မှုဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးမျိုးအောင်က ဖြေကြားသွားမှာဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနရဲ့ တိုင်းဒေသကြီး/ပြည်နယ်နဲ့ ကောင်စီနယ်မြေများရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူးရုံးများဟာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်နဲ့ ကောင်စီနယ်မြေစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ အစည်းအဝေးများကို လစဉ်ကျင်းပညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ၎င်းအစည်းအဝေးများမှာ ဒေသတွင်းရှိ စက်မှုလုပ်ငန်းများစာရင်းကို အသိပေးဖြန့်ဝေလျက်ရှိပြီး လိုအပ်ချက်အရ တောင်းခံလာပါကလည်း ဖြန့်ဝေပေးလျက်ရှိနေသဖြင့် မြို့နယ်များအလိုက် စက်မှုလုပ်ငန်းမှတ်ပုံတင်ထားသည့်စာရင်းများကို ထုတ်ပြန်ပေးနိုင်ပါတယ်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားတဲ့ ပုဂ္ဂလိကစက်မှုလုပ်ငန်းများအား ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးထားပြီး ယင်းလက်မှတ်တွင် လုပ်ငန်းပိုင်ရှင်အမည်နဲ့ လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြထားပါတယ်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ဟာ ပြည့်စုံလုံလောက်တဲ့အချက်များ ပါရှိတဲ့အတွက်ကြောင့် ဘဏ်များအနေနဲ့ ချေးငွေထုတ်ပေးရန် သင့်/မသင့် ကွင်းဆင်းစစ်ဆေးတဲ့အခါ အဆိုပါပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်ဟာ စက်မှုလုပ်ငန်းဆောင်ရွက်နေသူအဖြစ် ထောက်ခံထားခြင်းဖြစ်ပါ

သဖြင့် သီးခြားထောက်ခံချက်အား ထပ်မံထုတ်ပေးရန် လိုအပ်မည်မဟုတ်ပါကြောင်းနဲ့ မြို့နယ်အလိုက် စက်မှုလုပ်ငန်းစာရင်းများကိုလည်း ဖြန့်ဝေလျက်ရှိတဲ့အတွက်ကြောင့် အသိပေးကြော်ငြာစာ ထုတ်ပြန်ပေးဖို့ လိုအပ်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ စက်မှုဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေတဲ့ အသေးစားနဲ့အလတ်စားလုပ်ငန်းများအား အထောက်အကူ ပေးနိုင်ရန် ရည်ရွယ်၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ၄-၄-၂၀၁၂ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါတယ်။ ၎င်းအပြင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်ကိုလည်း ၂၂-၆-၂၀၁၂ ရက်နေ့မှစ၍ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အဖြစ် အမည် ပြောင်းလဲ၍ စီးပွားရေးဖွံ့ဖြိုးရန် အလားအလာကောင်းမွန်တဲ့ အသေးစားနှင့်အလတ်စားလုပ်ငန်းများအား ငွေကြေးအထောက်အပံ့ပေးနိုင်ရန်အတွက် ချေးငွေများထုတ်ချေးပေးခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ချေးငွေများထုတ်ချေးပေးတဲ့ အဆင့်တွေကတော့ လုပ်ငန်းရှင်က မိမိလုပ်ငန်းအတွက် ငွေချေးယူလိုကြောင်း စက်မှုလုပ်ငန်းမှတ်ပုံတင် လက်မှတ်များနဲ့တကွ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို တင်ပြ လျှောက်ထားရပါတယ်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ချေးငွေလျှောက် ထားတဲ့ လုပ်ငန်းအနေနဲ့ အမှန်တကယ်လုပ်ငန်းလည်ပတ်မှု ရှိ/မရှိနဲ့ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနတွင် စက်မှုလုပ်ငန်းမှတ်ပုံတင်ထားခြင်း ရှိ/မရှိတို့ကို စစ်ဆေးပြီးတော့ အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနရဲ့ ထောက်ခံချက်နှင့်အတူ အသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ကို ပေးပို့ရမှာဖြစ်ပါတယ်။ အသေးစားနဲ့အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ စစ်ဆေးပြီး မှန်ကန်ပြည့်စုံပါက ချေးငွေလျှောက်လွှာကို ဖြည့်စွက်စေပြီး လျှောက်ထားရမှာဖြစ်ပါတယ်။ ချေးငွေလျှောက်လွှာနဲ့အတူ စက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်မိတ္တူ၊ လုပ်ငန်းဝင်ငွေ၊ ထွက်ငွေ၊ အရှုံးအမြတ် စာရင်း ပေးဆောင်ပြီး အမြတ်ခွန်ပြေစာမိတ္တူ၊ အာမခံပေးမယ့် မြေနဲ့အဆောက်အဦ၊ ပိုင်ဆိုင်မှုအထောက် အထား အပြည့်အစုံမိတ္တူ၊ အာမခံပေးအပ်သည့် အဆောက်အဦနဲ့ လုပ်ငန်းပြခတ်ပုံများ၊ ချေးငွေ လျှောက်ထားသူရဲ့ မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်းမိတ္တူတို့ကို ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။ အာမခံပေးအပ်တဲ့ မြေနဲ့အဆောက်အဦအား ဘဏ်ရာဖြတ်မှ ကွင်းဆင်းစစ်ဆေးပြီး အတင်းအကျပ်ရောင်းဈေး (Force Sale Value - FSV) သတ်မှတ်ပြီးတော့ သတ်မှတ်ပြီးပါက ငွေကျပ်သိန်း ၂၀၀၀ အောက် ချေးငွေအမှုတွဲများကို ဘဏ်၏ချေးငွေကော်မတီ (Credit Committee) မှ တစ်ပတ်လျှင် တစ်ကြိမ်နဲ့ ငွေကျပ်သိန်း ၂၀၀၀ အထက် ချေးငွေအမှုတွဲများကို Board of Director အဖွဲ့မှ တစ်လ တစ်ကြိမ် စိစစ်ဆုံးဖြတ်ပြီး ထုတ်ချေးပေးလျက် ရှိပါတယ်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ချေးငွေပမာဏကို အများဆုံး ကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးပေးပြီး ချေးငွေသက်တမ်းကာလဟာ သုံးနှစ်ဖြစ်ပါတယ်။

ချေးငွေအမှုတွဲများကို အာမခံခိုင်မာမှုနဲ့ လုပ်ငန်းကောင်းမွန်မှုအပေါ် ဒါရိုက်တာအဖွဲ့က အဓိက ဆွေးနွေးသုံးသပ်ကြပြီး အတင်းအကျပ်ရောင်းဈေးတန်ဖိုး (Force Sale Value - FSV) ရဲ့ အနည်းဆုံး ၃၀ ရာခိုင်နှုန်းမှ အများဆုံး ၅၀ ရာခိုင်နှုန်းအထိ ထုတ်ချေးနိုင်ရေး ဆွေးနွေးဆုံးဖြတ်ပြီး ချေးငွေများကို လုပ်ငန်းရှင်များထံသို့ အမြန်ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ၃၀-၈-၂၀၁၃ ရက်နေ့အထိ ပြည်တွင်းလုပ်ငန်းရှင် ၆၀၅ ဦးတို့အား ချေးငွေကျပ် ၈၈၆၄၉. ၂၆ သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်မှ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ လယ်ယာအမတော်ကြေး ကဲ့သို့ ထုတ်ချေးပေးခဲ့တဲ့ ငွေကျပ် ၁၀ ဘီလီယံကိုလည်း ဘဏ်လုပ်ထုံးလုပ်နည်းများနဲ့အညီ အတိုးနှုန်း ၈. ၅ ရာခိုင်နှုန်းဖြင့် အချိန်ကာလသုံးနှစ်အထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းမွန်တဲ့ အသေးစားနဲ့အလတ်စားလုပ်ငန်း ၆၂ ခုကို ထုတ်ချေးပေးထားပြီး ဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာနအနေနဲ့ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (မူကြမ်း) ကို ပြည်တွင်းပြည်ပပညာရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူပညာရှင်များနှင့် ပူးပေါင်း၍ ရေးဆွဲလျက်ရှိတဲ့အပြင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း) ကိုလည်း ရေးဆွဲပြီးဖြစ်၍ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားပါတယ်။ ရေးဆွဲလျက်ရှိတဲ့ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (မူကြမ်း) တွင် အသေးစားအလတ်စားများရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခြားအာဆီယံနိုင်ငံများနဲ့အညီ ပြင်ဆင်သတ်မှတ်ထားပါတယ်။

ယင်းပြင်ဆင်သတ်မှတ်ချက်အရ ယနေ့ မြန်မာ့ရုပ်မြင်သံကြားတွင် ကြော်ငြာနေတဲ့ အသေးစားနှင့် အလတ်စားများရဲ့ ကြော်ငြာတွေမှာ အခွန်ကင်းလွတ်ခွင့်၊ လုပ်ငန်းမှတ်ပုံတင်ကင်းလွတ်ခွင့် ဖော်ပြထားခြင်းနဲ့ ပတ်သက်၍ တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများရဲ့ ၉၀ ရာခိုင်နှုန်းမှာ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖြစ်တဲ့အတွက်ကြောင့် အခွန်ကင်းလွတ်ခွင့်ပြုမည်ဆိုလျှင် တစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်းများကို အခွန်ကင်းလွတ်ခွင့်ပေးရမလိုဖြစ်ပြီး မှတ်ပုံတင်ကင်းလွတ်ခွင့်ကိုလည်း ခွင့်ပြုလိုက်ရပါက အဆိုပါစီးပွားရေးလုပ်ငန်းများနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်များကို ရရှိနိုင်တော့မည်မဟုတ်ပါ။

အဲ့ဒီစီးပွားရေးဆိုင်ရာသတင်းအချက်အလက်များ မရရှိပါက လုပ်ငန်းအလိုက် စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း စတဲ့ ကိစ္စရပ်များ ဆောင်ရွက်ရာမှာ အခက်အခဲများရှိလာနိုင်မှာဖြစ်ပါတယ်။

ဒါ့ကြောင့် စီးပွားရေးလုပ်ငန်းများအား မှတ်ပုံတင်ခြင်းကို ကင်းလွတ်ခွင့်မပြုသင့်ဘဲ အသေးစားစက်မှု လုပ်ငန်းများအတွက်သာ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် ရာခိုင်နှုန်းမည်မျှလျှော့ပေါ့ပေးမည်ကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်<br>( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်စွဲပါ စာအမှတ် ၁၀၅ (၁)/၈/သမ္မတရုံးအရ နိုင်ငံတော်သမ္မတရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်မင်း [၁၂/လကန (နိုင်) ၀၁၆၅၄၅] အား အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၃၀,၀၀၀-၂,၀၀၀-၂၄၀,၀၀၀) ရာထူးသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ခင်အောင်မြင့်<br>ဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

**လုပ်ပိုင်ခွင့်အပ်နှင်းခြင်း**

၂၀၁၃ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ လွှတ်တော်၏ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကြည်မင်းအား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၉/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

**ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်အဖြစ် ဖြည့်စွက်တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်အဖြစ် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဒေါ်မေမေနီအား စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှစ၍ ဖြည့်စွက်တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အမှတ် ၆၀ ။ ။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၅/၂၀၁၃) မှ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပုံနှိပ်စီစဉ်ရေးဌာနမှ ဌာနခွဲမှူး (ပုံနှိပ်) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးစိန်မြအား ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ဗဟိုပုံနှိပ်စက်ရုံတွင် လစ်လပ်လျက်ရှိသော ဌာနခွဲမှူး (ပုံနှိပ်) (တာဝန်ခံ)/စက်ရုံမှူး (ဗဟိုပုံနှိပ်စက်ရုံ) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

အမှတ် ၆၁ ။ ။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၁၃) မှ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ် (နိုင်ငံခြား) မှ စာတည်း လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒေါ်စန်းစန်းဝင်း သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၆၂ ။ ။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၁၃) မှ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ် (နိုင်ငံခြား) မှ စာတည်း လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးအုန်းကျော်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၁၉၄၀ ပြည့်နှစ်၊ နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ - ၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရ အဖွဲ့ အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတကိုယ်စား အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် -

၁။　ဤနည်းဥပဒေများကို **၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။　၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (၆) ကိုလည်းကောင်း၊ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (၄)၊ နည်းဥပဒေခွဲငယ် (က) ကို လည်းကောင်း ပယ်ဖျက်ရမည်။

၃။　၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ ၁၆ တွင် နည်းဥပဒေခွဲ (၄)၊ နည်းဥပဒေခွဲငယ် (ခ) ပါ **"Form D to be delivered together with"** ဆိုသည့် စကားရပ်ကို လည်းကောင်း၊ နည်းဥပဒေခွဲ (၅) ပါ **"D,"** ဆိုသည့် စကားရပ်ကိုလည်းကောင်း ပယ်ဖျက်ရမည်။

ခင်ရီ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

**ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် လက်မှတ်ရေးထိုးပြီးသော ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း၊
ဥက္ကဋ္ဌ၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

# ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ
# ( ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅/၂၀၁၃ )

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ နှင့် ဇယား၂၊ အမှတ်စဉ် ၈ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီ၊ ဝန်ထမ်းအဖွဲ့တို့ ပါဝင်သည်၊

(ခ) **တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကို ဆိုသည်၊

(ဂ) **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို ဆိုသည်၊

(ဃ) **မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ကို ဆိုသည်၊

(င) **အစိုးရအဖွဲ့**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(စ) **ဝန်ကြီးဌာန**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဆ) **ဝန်ကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ဇ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး အကြီးအကဲကို ဆိုသည်၊

(ဈ) **ဝန်ထမ်းအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအဖွဲ့ကို ဆိုသည်၊

(ည) **စည်းကမ်းများ**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ သို့မဟုတ် ဝန်ကြီးဌာနက ထုတ်ပြန်သော စည်းကမ်းများကို ဆိုသည်၊

(ဋ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း လူ၏အသက် သို့မဟုတ် ကျန်းမာရေးနှင့် လူနေထိုင်ရာပတ်ဝန်းကျင်တို့ကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သောလုပ်ငန်းကို ဆိုသည်၊

( ဠ ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်၊

( ၃ ) **အနေ့းယာဉ်**ဆိုသည်မှာ ခရီးသည်၊ ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်၊

( ဎ ) **အနေ့းယာဉ်မောင်းသူ**ဆိုသည်မှာ အနေ့းယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်၊

( ဏ ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်၊

( တ ) **မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ကြေညာထားသော မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်ကို ဆိုသည်၊

( ထ ) **မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ကြေညာထားသော မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်ကို ဆိုသည်၊

( ဒ ) **မြို့စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ကြေညာထားသော မြို့စည်ပင်သာယာရေးနယ်နိမိတ်ကို ဆိုသည်၊

( ဓ ) **ကျေးလက်စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ကြေညာထားသော ကျေးလက်စည်ပင်သာယာရေးနယ်နိမိတ်ကို ဆိုသည်၊

( န ) **တိုင်းဒေသကြီးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

( ပ ) **မြို့နယ်ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

( ဖ ) **မြို့နယ်ခွဲကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြို့နယ်ခွဲစည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

( ဗ ) **အမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

( ဘ ) **မြို့နယ်ခွဲအမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

( မ ) **အစားအသောက်**ဆိုသည်မှာ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ အသား၊ ငါး၊ ချက်ပြုတ်ပြုပြင်ရောင်းချသော အစားအစာ၊ အဖျော်ယမကာ၊ စည်သွပ်ဘူးနှင့် လူတို့စားသုံးသည့် အခြားအစားအစာများကို ဆိုသည်၊

( ယ ) **စားသောက်ဆိုင်**ဆိုသည်မှာ အစားအသောက်များကို ထုတ်လုပ်ရောင်းချသော သို့မဟုတ် တည်ခင်းရောင်းချသောဆိုင်ကို ဆိုသည်၊

( ရ ) **ထိန်းချုပ်အစားအသောက်**ဆိုသည်မှာ အမျိုးသားအစားအသောက်ဥပဒေအရ ထိန်းချုပ်အစားအသောက်အဖြစ် အခါအားလျော်စွာ သတ်မှတ်သည့် အစားအသောက်ကို ဆိုသည်၊

( လ ) **ကူးစက်ရောဂါ**ဆိုသည်မှာ လူတစ်ဦးမှ တစ်ဦးသို့လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း ကူးစက်တတ်သောရောဂါကို ဆိုသည်၊

(ဝ) **လိုင်စင်ရအင်ဂျင်နီယာ**ဆိုသည်မှာ နိုင်ငံတော်မှအသိအမှတ်ပြုထားသော တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းတစ်ခုခုမှ ဆောက်လုပ်ရေးဆိုင်ရာအင်ဂျင်နီယာဘွဲ့ သို့မဟုတ် ဒီပလိုမာ၊ ပြည်ပမှ ဆောက်လုပ်ရေးဆိုင်ရာအင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃) နှစ်ရှိ၍ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၏ စိစစ်ခွင့်ပြုချက်ဖြင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကျွမ်းကျင်မှုလိုင်စင်ရရှိထားသူကို ဆိုသည်၊

(သ) **ကော်လီတွေ့ာ်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိကို ဆိုသည်၊

(ဟ) **အငှားစက်တပ်ယာဉ်ငယ်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနတစ်ခုခု၊ အဖွဲ့အစည်းတစ်ခုခုမှ စက်တပ်ယာဉ်ငယ်အဖြစ် မှတ်ပုံတင်ခွင့်ပြုထားသော နှစ်ဘီး၊ သုံးဘီးပါ စက်တပ်ယာဉ်ဖြင့် ခရီးသည်၊ ကုန်ပစ္စည်းတို့ကို အခကြေးငွေယူ၍ မြို့နယ်တစ်ခုအတွင်း ပြေးဆွဲနေသော စက်တပ်ယာဉ်ငယ်ကို ဆိုသည်၊ (လျှပ်စစ်စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်)

(ဠ) **အငှားစက်တပ်ယာဉ်ငယ်မောင်းသူ**ဆိုသည်မှာ အငှားစက်တပ်ယာဉ်ငယ်မောင်းနှင်သူကို ဆိုသည်။ (လျှပ်စစ်စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်)

## အခန်း (၂)
## စည်ပင်သာယာရေးနယ်နိမိတ်များသတ်မှတ်ခြင်း

၃။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးနယ်နိမိတ်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါအတိုင်း သတ်မှတ်ဖွဲ့စည်းနိုင်သည် -

(က) **မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်။** မြို့နယ်တစ်ခုအတွင်းရှိ မြို့စည်ပင်သာယာရေးနယ်နိမိတ်နှင့် ကျေးလက်စည်ပင်သာယာရေးနယ်နိမိတ်အားလုံး စုပေါင်းထားသည့်နယ်နိမိတ်အား မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ရမည်။ မြို့နယ်အတွင်း မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်ထားခြင်းရှိပါက ယင်းနယ်နိမိတ်သည်လည်း မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပါဝင်သည်။ ယခင်စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ခဲ့ပြီးသော မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်များသည် ဤဥပဒေအရ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်းသည်ဟု မှတ်ယူရမည်။ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်မှအပ ကျန်မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွက် အကျိုးသက်ရောက်စေလိုသော အမိန့်ထုတ်ပြန်လိုက မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်မှအပ ကျန်ရှိသော မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်ဟု ဖော်ပြ၍အမိန့်ထုတ်ပြန်ရမည်၊

(ခ) **မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်။** သက်ဆိုင်ရာဥပဒေအရ မြို့နယ်ခွဲအဖြစ် သတ်မှတ်ထားသော ဒေသတို့၏ စည်ပင်သာယာရေးလုပ်ငန်းတို့ကို သီးခြားဆောင်ရွက်လိုပါက ယင်းမြို့နယ်ခွဲအတွင်းရှိ မြို့ပြဒေသကို မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ်လည်းကောင်း၊ ကျေးလက်ဒေသတို့အား ကျေးလက်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ်လည်းကောင်း ယင်းဒေသနှစ်ရပ်လုံးပေါင်းစပ်ပါဝင်သော မြို့နယ်ခွဲနယ်နိမိတ်တစ်ခုလုံးအား မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်အဖြစ်လည်းကောင်း သတ်မှတ်ဖွဲ့စည်းနိုင်သည်။ ယခင်စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ခဲ့ပြီးသောဒေသသည် ဤဥပဒေအရ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်းသည်ဟု မှတ်ယူရမည်၊

(ဂ) **မြို့စည်ပင်သာယာရေးနယ်နိမိတ်။** သက်ဆိုင်ရာဥပဒေအရ မြို့အဖြစ် သတ်မှတ်ထားသော နယ်နိမိတ်ကိုလည်းကောင်း၊ ယင်းနယ်နိမိတ်နှင့်တစ်ဆက်တစ်စပ်တည်းရှိသော ဒေသများကို ထည့်သွင်း၍လည်းကောင်း မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်သည်။

ထို့အပြင် ဖွံ့ဖြိုးတိုးတက်သောကျေးရွာနယ်နိမိတ်ကိုလည်း မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်နိုင်သည်။ ယခင်စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်ခဲ့ပြီးသော မြို့စည်ပင်သာယာရေးနယ်နိမိတ်များကို ဤဥပဒေအရ မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်းသည်ဟု မှတ်ယူရမည်၊

(ဃ) **ကျေးလက်စည်ပင်သာယာရေးနယ်နိမိတ်။** မြို့နယ်အတွင်း မြို့စည်ပင်သာယာရေးနယ်နိမိတ် ပြင်ပရှိဒေသအားလုံးကို ကျေးလက်စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်း နိုင်သည်။ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ် သတ်မှတ်ထားရှိပါက ယင်းမြို့နယ်ခွဲအတွင်းရှိ မြို့စည်ပင်သာယာရေးနယ်နိမိတ်သည် ကျေးလက်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပါဝင်ခြင်း မရှိစေရ။ ယခင်စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်ဟု သတ်မှတ်ခဲ့သော ကျေးလက်ဒေသအားလုံးအား ဤဥပဒေအရ ကျေးလက်စည်ပင် သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်းသည်ဟု မှတ်ယူရမည်။

## အခန်း (၃)

## တိုင်းဒေသကြီး၊ မြို့နယ်နှင့်မြို့နယ်ခွဲကော်မတီများ ဖွဲ့စည်းခြင်း၊ ကော်မတီဝင်များ ရွေးချယ်တာဝန် ပေးအပ်ခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ အစားထိုးတာဝန်ပေးအပ်ခြင်း၊ သက်တမ်းနှင့်ရပိုင်ခွင့်များ သတ်မှတ်ပေးခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြို့နယ်များမှအပ ကျန်မြို့နယ်နှင့် မြို့နယ်ခွဲများတွင် တိုင်းဒေသကြီး၊ မြို့နယ်နှင့် မြို့နယ်ခွဲ ကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

(က) မြို့နယ်နှင့်မြို့နယ်ခွဲများ၏ စည်ပင်သာယာရေးအဖွဲ့များအား ကြီးကြပ်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကိုလည်းကောင်း၊ မြို့နယ်ဧရိယာနယ်မြေအဖြစ် သတ်မှတ် ထားသောဒေသတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကိုလည်းကောင်း၊ မြို့နယ်ခွဲဧရိယာနယ်မြေ အဖြစ် သတ်မှတ်ထားသောဒေသတွင် မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ကိုလည်းကောင်း ဖွဲ့စည်း နိုင်သည်၊

(ခ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ တစ်ဆင့်နိမ့်အဖွဲ့ ဖြစ်ပြီး မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ တစ်ဆင့်နိမ့် အဖွဲ့ ဖြစ်သည်၊

(ဂ) တိုင်းဒေသကြီး၊ မြို့နယ်နှင့်မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့အသီးသီး၏ လုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးအဖွဲ့အသီးသီးတွင် ကော်မတီတစ်ရပ်စီကို ဖွဲ့စည်းထားရှိရမည်၊

(ဃ) မြို့နယ်ကော်မတီဝင် သို့မဟုတ် မြို့နယ်ခွဲကော်မတီဝင်ကို ခန့်ထားရာတွင် ရွေးကောက်တင်မြှောက် သောနည်းဖြင့်ဖြစ်စေ၊ ရွေးချယ်ခန့်ထားသောနည်းဖြင့်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်သော ကော်မတီဝင်နှင့် ရွေးချယ်ခန့်ထားသောကော်မတီဝင်များ ပေါင်းစပ်၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်၊

(င) မြို့နယ်ကော်မတီဝင်များ သို့မဟုတ် မြို့နယ်ခွဲကော်မတီဝင်များကို ရွေးကောက်တင်မြှောက်မည် ဆိုပါက ရွေးကောက်တင်မြှောက်ပုံနည်းစနစ်များကို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်၊

(စ) တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီကို နိုင်ငံသား အဖွဲ့ဝင် (၉) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး - ဥက္ကဋ္ဌ

(၂) လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းမှကိုယ်စားလှယ် (၁) ဦး - အဖွဲ့ဝင်

(၃) သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်အခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး - အဖွဲ့ဝင်

(၄) တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ကော်မတီဥက္ကဋ္ဌများအနက်မှ (၁) ဦး - အဖွဲ့ဝင်

(၅) မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ကော်မတီဥက္ကဋ္ဌများအနက်မှ (၁) ဦး - အဖွဲ့ဝင်

(၆) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး (တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) - အဖွဲ့ဝင်

(၇) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး (မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) - အဖွဲ့ဝင်

(၈) ညွှန်ကြားရေးမှူး တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန - အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူး တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ - အတွင်းရေးမှူး

(ဆ) မြို့နယ်စည်ပင်သာယာရေးကော်မတီကို နိုင်ငံသားအဖွဲ့ဝင် (၇) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) မြို့မိမြို့ဖများမှရွေးချယ်ထားသောပုဂ္ဂိုလ် - ဥက္ကဋ္ဌ

(၂) လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် (၁) ဦး - အဖွဲ့ဝင်

(၃) သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်၊ ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး - အဖွဲ့ဝင်

(၄) မြို့မိမြို့ဖများမှကိုယ်စားလှယ် (၁) ဦး - အဖွဲ့ဝင်

(၅) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန - အဖွဲ့ဝင်

(၆) ဒုတိယဦးစီးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန - အဖွဲ့ဝင်

(၇) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ - အတွင်းရေးမှူး

(ဇ) မြို့နယ်ခွဲစည်ပင်သာယာရေးကော်မတီကို နိုင်ငံသားအဖွဲ့ဝင် (၅) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) မြို့မိမြို့ဖများမှရွေးချယ်ထားသောပုဂ္ဂိုလ် - ဥက္ကဋ္ဌ

(၂) လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် (၁) ဦး - အဖွဲ့ဝင်

(၃) သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင်၊ ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး - အဖွဲ့ဝင်

(၄) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန - အဖွဲ့ဝင်

(၅) အမှုဆောင်အရာရှိ၊ မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ - အတွင်းရေးမှူး

၅။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီ၏အဖွဲ့ဝင်တစ်ဦးသည် အောက်ပါ အကြောင်းကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လာပါက မိမိတို့ဆိုင်ရာရာထူးတာဝန်မှ ရပ်စဲခြင်းခံရမည် -

(က) ပေးအပ်သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျေပွန်စွာမဆောင်ရွက်နိုင်ခြင်း၊

( ခ ) ပေးအပ်သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအပေါ် အကြောင်းပြု၍ မိမိအကျိုးငှာ အလွဲသုံးစားပြုခြင်း၊

( ဂ ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊

(ဃ) အကြောင်းတစ်ရပ်ရပ်ဖြင့် မိမိ၏နေရပ်မှ အပြီးတိုင်ထွက်ခွာခြင်း၊

( င ) ကျန်းမာရေးအခြေအနေအရ မိမိ၏တာဝန်နှင့်ဝတ္တရားများကို မထမ်းဆောင်နိုင်ခြင်း၊

( စ ) မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်း၊

(ဆ) ကွယ်လွန်ခြင်း။

၆။ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) တို့နှင့်အကျုံးဝင်သူအား သက်ဆိုင်ရာကော်မတီအဖွဲ့က အပြီးအပိုင်ထုတ်ပယ်ခြင်းဖြစ်သည်ဟု မှတ်ယူရမည့်အပြင် ပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ) တို့နှင့် အကျုံးဝင်သူများသည် ကော်မတီအဖွဲ့မှ အလိုအလျောက်နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၇။ တိုင်းဒေသကြီးကော်မတီ၊ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီတွင် ကော်မတီဝင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကော်မတီဝင်များ၏နေရာ လစ်လပ်ပါက ထိုပုဂ္ဂိုလ်များ၏နေရာတွင် ယင်းပုဂ္ဂိုလ်များ လစ်လပ်သည့်နေ့ရက်မှစတင်၍ ရက်ပေါင်း (၃၀) အတွင်း အစားထိုးရွေးချယ်ဖွဲ့စည်းရမည်။

၈။ တိုင်းဒေသကြီးကော်မတီသည် မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီကို ဤဥပဒေနှင့်အညီ မဖွဲ့စည်းနိုင်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ဖွဲ့စည်းခဲ့သော မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်သည့်ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိလျှင်ဖြစ်စေ၊ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သည့် စည်ပင်သာယာရေးအဖွဲ့၏ အရာထမ်း သို့မဟုတ် အမှုထမ်း (၅) ဦး ပါဝင်သော စီမံခန့်ခွဲရေးကော်မတီကို ယာယီဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၉။ တိုင်းဒေသကြီးကော်မတီ၊ မြို့နယ်ကော်မတီနှင့် မြို့နယ်ခွဲကော်မတီဝင်တို့၏သက်တမ်းသည် အစိုးရအဖွဲ့၏သက်တမ်းအတိုင်းဖြစ်ပြီး ကော်မတီဝင် တစ်ဦးသည် သက်တမ်းဆက်တိုက် နှစ်ကြိမ်သာ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

၁၀။ ဤဥပဒေပုဒ်မ ၇ အရ ကော်မတီဝင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကော်မတီဝင်များအား အစားထိုးဖွဲ့စည်းတာဝန်ပေးအပ်ပါက ထိုပုဂ္ဂိုလ်များ၏သက်တမ်းသည် အစိုးရအဖွဲ့၏ ကျန်ရှိသောသက်တမ်းအထိသာဖြစ်သည်။

၁၁။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးကော်မတီ၊ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၏ လစာ သို့မဟုတ် ချီးမြှင့်ငွေနှင့်စရိတ်ငွေကို သတ်မှတ်ခွင့်ပြုနိုင်သည်။

၁၂။ တိုင်းဒေသကြီးကော်မတီ၊ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီတို့သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် မိမိတို့၏လုပ်ငန်းတွင် အသုံးပြုဆောင်ရွက်ပိုင်ခွင့်ရှိသည့်အပြင် ယင်းအမည်နှင့်တံဆိပ်ကို စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ခွင့်ရှိသည်။

၁၃။ တိုင်းဒေသကြီးကော်မတီ၊ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီတို့သည် မိမိတို့၏ကိုယ်ပိုင်အမည်ဖြင့် တရားစွဲဆိုပိုင်ခွင့်ရှိသကဲ့သို့ တရားစွဲဆိုခံပိုင်ခွင့်ရှိသည်။

## အခန်း (၄)

## လုပ်ငန်းတာဝန်များ

၁၄။ မြို့နယ်ကော်မတီနှင့် မြို့နယ်ခွဲကော်မတီသည် စည်ပင်သာယာရေးအဖွဲ့များ၏ အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းပြုရမည် -

(က) မြို့ပြနှင့်ကျေးလက်ဒေသဆိုင်ရာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အများသုံးသန့်စင်ခန်းများ တည်ဆောက်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ကျေးလက်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယင်လုံရေလောင်းအိမ်သာများ ဆောက်လုပ်အသုံးပြုစေရေးအတွက် ကြီးကြပ်ခြင်း၊

(င) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) လမ်းဘေးဈေးဆိုင်များနှင့် ပုံကျဈေးဆိုင်များ ကြီးကြပ်ခြင်း၊

(ည) မုန့်ဖိုများ၊ စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊

(ဋ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဌ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်းတိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားများကို ရောင်းချရန် ပြင်ဆင်ခြင်း၊ စနစ်တကျသယ်ဆောင်စေခြင်းနှင့် အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(ဎ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊

(ဏ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(တ) အနှေးယာဉ်များ စီမံခန့်ခွဲခြင်း၊

(ထ) အငှားစက်တပ်ယာဉ်ငယ်များအား ကြီးကြပ်ခြင်း၊

(ဒ) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဓ) လမ်းစည်းကမ်းနှင့်လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(န) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ပ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အန္တရာယ်ရှိစေနိုင်သော ပုဂ္ဂလိကပိုင်အဆောက်အအုံများ ပြင်ဆင်စေခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းစေခြင်း၊ ဖျက်သိမ်းခြင်း၊

(ဗ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသောမြေပေါ်ရှိ ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းစေခြင်း၊ ဖျက်သိမ်းခြင်း၊

(ဘ) အခကြေးငွေယူ၍ အခန်းလိုက်ငှားရမ်းသော အဆောက်အအုံများ၊ ဘော်ဒါဆောင်များ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်ပင်သာယာရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့်တည်းခိုခန်းများကို စစ်ဆေးခြင်း၊

(မ) တိရစ္ဆာန်များထားရှိခြင်းကို ကြီးကြပ်ခြင်း၊ လေလွင့်သွားလာနေသောတိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းစီမံခန့်ခွဲခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(ယ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသောက်သူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊

(ရ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(လ) သုသာန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဝ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့်သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊

(သ) ဆိုင်းဘုတ်နှင့်ကြော်ငြာများ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်းအား ကြီးကြပ်ခြင်း၊

(ဟ) ယာဉ်ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဠ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(အ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(၂-က) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

## အခန်း (၅)

## တိုင်းဒေသကြီးကော်မတီ၊ မြို့နယ်ကော်မတီနှင့်မြို့နယ်ခွဲကော်မတီတို့၏လုပ်ပိုင်ခွင့်များ

၁၅။ တိုင်းဒေသကြီးကော်မတီသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) မြို့နယ်ကော်မတီနှင့် မြို့နယ်ခွဲကော်မတီတို့၏ စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) အခြားတိုင်းဒေသကြီးတစ်ခုခုနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသောဒေသများတွင် ဒေသန္တရစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင်လည်းကောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း ဆက်စပ်လျက်ရှိသော အခြားတိုင်းဒေသကြီးများအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များနှင့် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ဝန်ကြီးဌာနက အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

၁၆။ မြို့နယ်နှင့် မြို့နယ်ခွဲကော်မတီသည် အစိုးရ၏ ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) ပြည်ထောင်စုအစိုးရထံမှဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရထံမှဖြစ်စေ၊ စည်ပင်သာယာရေးနှင့် သက်ဆိုင်သော ငွေကြေးဆိုင်ရာအဖွဲ့အစည်းမှဖြစ်စေ၊ ဥပဒေနှင့်အညီ တည်ထောင်ဖွင့်လှစ်ထားသောဘဏ်များမှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်း၊ အထောက်အပံ့များ ရယူခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင်သာယာရေးအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့် နိုင်ငံခြားသုံးငွေကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(င) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(စ) မြို့နယ်ကော်မတီနှင့် မြို့နယ်ခွဲကော်မတီပိုင် အဆောက်အအုံနှင့်မြေများကို ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းဖောက်ဖျက်သောငှားရမ်းသူများအား ဖယ်ရှားခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း။

၁၇။ မြို့နယ်ကော်မတီနှင့်မြို့နယ်ခွဲကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊ မြို့နယ်ခွဲကော်မတီသည် မိမိမြို့နယ်ခွဲအတွက် သီးခြားအာဏာတည်စေလိုသော စည်းကမ်းများ ရေးဆွဲလိုပါက မြို့နယ်ကော်မတီမှတစ်ဆင့် တင်ပြခြင်း၊

(ခ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၆)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၈။ မြို့နယ်ကော်မတီနှင့် မြို့နယ်ခွဲကော်မတီသည် တိုင်းဒေသကြီးကော်မတီ၏ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ အောက်ပါ အခွန်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) အဆောက်အအုံနှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးနှင့် အခြားတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြင်ပမှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းသို့ ဖြတ်သန်းသွားလာသောယာဉ်များ၊ ဝင်ရောက်ရပ်နားသောယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေက ခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာအခြားအခွန်များ။

၁၉။ မြို့နယ်ကော်မတီနှင့် မြို့နယ်ခွဲကော်မတီတို့သည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည် -

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခတန်ဖိုး၏ (၁၀ ရာခိုင်နှုန်း) ထက်မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံနှင့်မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသော ဌာနဆိုင်ရာအဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ အစိုးရက စီမံခန့်ခွဲသောဌာနဆိုင်ရာအဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်လည်းကောင်း ယင်းအဆောက်အအုံနှင့်မြေအား တစ်နှစ်ငှားရမ်းခတန်ဖိုး၏ ၅ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ကောက်ခံရန်၊

(စ) ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသောအစိုးရပိုင်မြေတွင် ပုဂ္ဂလိကပိုင်အဆောက်အအုံနှင့် ပတ်သက်၍ အဆောက်အအုံနှင့်မြေခွန်ကို စည်းကြပ်ရာတွင် ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ အစိုးရအဖွဲ့က စီမံခန့်ခွဲသောအစိုးရပိုင်မြေတွင် ပုဂ္ဂလိကပိုင်အဆောက်အအုံနှင့် ပတ်သက်၍ အဆောက်အအုံနှင့်မြေခွန်ကို စည်းကြပ်ရာတွင် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်လည်းကောင်း ယင်းအဆောက်အအုံနှင့်မြေမှ တစ်နှစ်ဝင်ငွေ၏ ၇ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ကောက်ခံရန်။

၂၀။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၂၁။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းလိုင်စင်ခများ၊ အဖွဲ့ပိုင်ဈေးများမှဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်းပြုနိုင်သည်။

၂၂။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းတို့ကို ခေတ္တရပ်ဆိုင်းထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိသောအခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၃။ မြို့နယ်အမှုဆောင်အရာရှိ သို့မဟုတ် မြို့နယ်ခွဲအမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့် စပ်လျဉ်း၍ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီ၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါကိစ္စ ဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## **အခန်း (၇)**

## **စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း**

၂၄။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် မိမိစည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိ နေထိုင်သူအား ညွှန်ကြားခြင်း၊ ဆောင်ရွက်ခြင်းပြုနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက် အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် တိုးချဲ့ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ် သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖြိုဖျက်ခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ် ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည်များ ပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ကျူးကျော် ဆောက်လုပ်သည်ကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဖယ်ရှားစေခြင်း၊ ဖယ်ရှားခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသောအဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖယ်ရှားစေခြင်း၊ ဖယ်ရှားခြင်း၊

(ဃ) ဆောက်လုပ်ခွင့်ပြုခဲ့သော အဆောက်အအုံကို စစ်ဆေးရာတွင် ခွင့်ပြုထားသော အဆောက်အအုံ ပုံစံနှင့်အညီ ဆောက်လုပ်ထားကြောင်းနှင့် အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာစည်းကမ်းများ ဖောက်ဖျက်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက နေထိုင်အသုံးပြုခွင့်ပေးခြင်း၊

(င) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ စည်းကမ်းအရ သတ်မှတ် ထားသော အရည်အချင်းနှင့်ပြည့်စုံသူများအား သတ်မှတ်ထားသော အာမခံငွေ တင်သွင်းစေ၍ ကန်ထရိုက်တာအဖြစ် မှတ်ပုံတင်ပြီး လိုင်စင်ထုတ်ပေးခြင်း၊

(စ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်နှင့် ကြီးကြပ်ဆောင်ရွက်နိုင်ရန် သတ်မှတ်ထားသော အရည်အချင်းနှင့် ကျွမ်းကျင်မှုရှိသူများကို လိုင်စင်ရအင်ဂျင်နီယာအဖြစ် မှတ်ပုံတင်ပြီး လိုင်စင်ထုတ်ပေးခြင်း၊

(ဆ) ပိုင်ရှင် သို့မဟုတ် နေထိုင်အသုံးပြုသူက အဆောက်အအုံကို ဖြိုဖျက်ရန်ဆန္ဒရှိကြောင်း တိကျ ခိုင်မာသော အထောက်အထားများ ပူးတွဲလျက် တင်ပြလျှောက်ထားလာပါက ဤဥပဒေအရ ရေးဆွဲထားသော စည်းကမ်းချက်များနှင့်အညီ ဖြိုဖျက်ခွင့်ပြုခြင်း၊

(ဇ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့် သို့မဟုတ် မြို့အင်္ဂါရပ်နှင့် မညီညွတ်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင် စေခြင်း၊ ဖြိုဖျက်စေခြင်း၊ ဖြိုဖျက်ခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ ဖယ်ရှားခြင်း၊

အဆောက်အအုံဆောက်လုပ်ပြီးပါက စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျပြန်လည်နေရာချထားပေးခြင်း၊

(ဈ) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ရေနံ သို့မဟုတ် ထုံးသုတ်စေခြင်း၊

(ည) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဋ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ ထွက်ရှိသည့်အမှိုက်ကို ရှင်းလင်းစေခြင်း၊

(ဌ) စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသည့်မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် ကျူးကျော်အဆောက်အအုံများကို ဖျက်သိမ်းစေခြင်း။

၂၅။ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဈ၊ ည၊ ဋ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၂၆။ မြို့နယ်ကော်မတီသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်လည်းကောင်း၊ မြို့နယ်ခွဲကော်မတီသည် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင်လည်းကောင်း ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာထားသောစည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် အမိန့်ညွှန်ကြားချက်များအား သက်ဆိုင်ရာဒေသရှိပြည်သူများက လိုက်နာဆောင်ရွက်ရမည်။

၂၇။ မြို့နယ်ကော်မတီသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်လည်းကောင်း၊ မြို့နယ်ခွဲကော်မတီသည် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင်လည်းကောင်း ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့်သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာ ထုတ်ပစ်နိုင်ရန် မြေကို ပြုပြင်စေခြင်း၊ ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း သို့မဟုတ် ရေဆိုးများကို မိမိခြံဝန်းအတွင်း အုတ်၊ ကွန်ကရစ် စသည်ဖြင့် လှောင်ကန်ပြုလုပ်ထားရှိစေပြီး ၎င်းလှောင်ကန်မပြည့်လျှံမီ စုပ်ယူ၍ မြို့နယ်ကော်မတီနှင့် မြို့နယ်ခွဲကော်မတီမှ ညွှန်ကြားသည့်နေရာတွင် စွန့်ပစ်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့်မြေကို ဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်သည် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီက သတ်မှတ်ထားသည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအားပေးစေခြင်း။

၂၈။ မြို့နယ်ကော်မတီသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်လည်းကောင်း၊ မြို့နယ်ခွဲကော်မတီသည် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင်လည်းကောင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သောအမှိုက်ပုံး၊ အမှိုက်အိတ်များ စီမံထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေး လုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဂ) ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူ ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေးတို့နှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။

၂၉။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ အခြားနည်းအသုံးပြုစေခြင်း။

## အခန်း (၈)
## အနေးယာဉ်များစီမံခန့်ခွဲခြင်း

၃၀။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် အနေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အနေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊

(ခ) အနေးယာဉ်လိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်မောင်းလိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အနေးယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အနေးယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(စ) အနေးယာဉ်မောင်းသူတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် ကျန်းမာကြံ့ခိုင်မှု ရှိ၊ မရှိ ကူးစက်ရောဂါ ကင်းရှင်းမှု ရှိ၊ မရှိ စစ်ဆေးခြင်း။

၃၁။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီက ထုတ်ပေးသော လိုင်စင်ရရှိသူသာ အနေးယာဉ် တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၃၂။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီက ထုတ်ပေးသော လိုင်စင်ရရှိသူသာ အနေးယာဉ် မောင်းနှင်ခွင့်ရှိသည်။

၃၃။ အနေးယာဉ်ပိုင်ရှင်နှင့် အနေးယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း

၃၄။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် မိမိစည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း၊

(ဃ) ကူးတို့လမ်းကြောင်း သတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း၊

(စ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေး အတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဆ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း၊

(ဇ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဈ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ည) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဋ) တာဝန်ဖြင့် ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဌ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၅။ တိုင်းဒေသကြီးကော်မတီသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက် ပိုမိုသော မြို့နယ်များနှင့် ဆက်စပ်နေသောကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါ အတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေး ပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့် ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၆။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၃၇။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၈။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၉။ တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခုကြား ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်း သို့မဟုတ် ကူးတို့လုပ်ငန်းဝင်ငွေများ အချိုးကျခွဲဝေပေးခြင်းတို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ နှစ်ဖွဲ့၏ ညှိနှိုင်းဆုံးဖြတ်ချက်ကို ရယူဆောင်ရွက်ရမည်။ ညှိနှိုင်းဆုံးဖြတ်ချက်ရယူနိုင်ခြင်း မရှိသောကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရထံ တင်ပြပြီး ဆုံးဖြတ်ချက်ခံယူရမည်။ ပြည်ထောင်စုအစိုးရ၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

၄၀။ ပုဒ်မ ၃၄၊ ၃၇ နှင့် ၃၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာကူးတို့လုပ်ငန်းကြီးကြပ်သူထံ အယူခံဝင်နိုင်သည်။

၄၁။ (က) ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၃၅ အရ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ပုဒ်မ ၄၀ အရ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ဂ) ပုဒ်မ ၃၉ ပါ ကူးတို့လုပ်ငန်းတည်ရာဒေသနှင့်စပ်လျဉ်း၍ အငြင်းပွားမှုနှင့် ကူးတို့လုပ်ငန်းဝင်ငွေများ အချိုးကျခွဲဝေပေးရေးကိစ္စတို့မှအပ ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)

## စက်တပ်ယာဉ်ငယ်နှင့်ယာဉ်များအတွက် ယာဉ်ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း

၄၂။ မြို့နယ်ကော်မတီသည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်လည်းကောင်း၊ မြို့နယ်ခွဲကော်မတီသည် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင်လည်းကောင်း စက်တပ်ယာဉ်ငယ်နှင့် မော်တော်ယာဉ်များအတွက် ယာဉ်ရပ်နားစခန်းများနှင့်ပတ်သက်၍ သန့်ရှင်းသပ်ရပ်ပြီး စနစ်ကျစေရန် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ယာဉ်ရပ်နားစခန်းများဆိုင်ရာစည်းကမ်းများ ရေးဆွဲခြင်း၊ အခွန်အခများ စည်းကြပ်ကောက်ခံခြင်း၊

(ခ) စက်တပ်ယာဉ်ငယ်နှင့် မော်တော်ယာဉ်အမျိုးအစားအလိုက် ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းများအား ဤဥပဒေအရ ရေးဆွဲထားသော စည်းကမ်းများနှင့်အညီ သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်အတွင်း (၃) တန်အထက် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင်နောက်တွဲယာဉ်များ ညအိပ်ရပ်နားမည့်နေရာကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) လမ်းပိတ်ဆို့မှုများ မဖြစ်စေရန်နှင့် ယာဉ်ထိခိုက်မှုအန္တရာယ်ကာကွယ်တားဆီးနိုင်ရန် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင်နောက်တွဲယာဉ်များ မဝင်ရလမ်းနှင့် ဝင်ခွင့်ပြုလမ်းများ သတ်မှတ်ပေးခြင်း၊

(င) ကုန်တင်ယာဉ်ရပ်နားစခန်းများကို လိုအပ်သလို တည်ဆောက်ဖွင့်လှစ်ခြင်း၊

(စ) ခရီးသည်တင်ယာဉ်ရပ်နားစခန်းများကို လိုအပ်သလိုတည်ဆောက်ဖွင့်လှစ်ခြင်း၊

(ဆ) ခရီးသည်တင်ချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာ သို့မဟုတ် စက်တပ်ယာဉ်ငယ်နှင့် မော်တော်ယာဉ်များ ဝင်/ထွက်ရပ်နားဂိတ်ထိုးရန်နေရာ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း။

## အခန်း (၁၁)

## တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၄၃။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင်သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်း၊ သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်း၊ အသားရောင်းချရန် ပြင်ဆင်စေခြင်းနှင့် စနစ်တကျသယ်ဆောင်စေခြင်းတို့ကို ခွင့်ပြုနိုင်သည်။

၄၄။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မည်သည့်ဒေသတွင်မဆို အများပြည်သူ စားသုံးရန်မှအပ ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့်အမိန့်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၄၅။ ပုဒ်မ ၄၃ ပါ ကိစ္စရပ်များမှအပ ဘာသာရေးကိစ္စရပ်များ၊ သာရေးနာရေးကိစ္စရပ်များတွင် အများပြည်သူ စားသုံးရန် မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့အား သတ်ဖြတ်လိုလျှင် ဆောင်ရွက်လိုသောကိစ္စရပ်အတွက် လိုအပ်ချက်ကိုသာ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခွင့်ပြုနိုင်သည်။

၄၆။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် ကျွဲ၊ နွားတိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွားတိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၄၃၊ ပုဒ်မ ၄၅ ပါ တိရစ္ဆာန်သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သောသတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၄၈။ ပုဒ်မ ၄၃ သို့မဟုတ် ၄၄ သို့မဟုတ် ပုဒ်မ ၄၅ အရ ခွင့်ပြုချက်ရရှိသူသာလျှင် -

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ မိမိသတ်ဖြတ်သည့် ကျွဲ၊ နွား၏သားရေကို လက်ဝယ်ထားခြင်းပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်။

## **အခန်း (၁၂)**
## **ကြီးကြပ်ခြင်း**

၄၉။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး သို့မဟုတ် မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီ၏ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၀။ ညွှန်ကြားရေးမှူးသည် မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး ဝန်ကြီးထံ တင်ပြရမည်။

၅၁။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၅၂။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ ဝန်ကြီးထံတင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ဝန်ကြီးက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့များနှင့်သက်ဆိုင်သော လုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော မြို့နယ်ကော်မတီနှင့် မြို့နယ်ခွဲကော်မတီ၏ ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း။

## **အခန်း (၁၃)**
## **အယူခံဝင်ခြင်း**

၅၃။ ပုဒ်မ ၂၀၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (ဂ)၊ (ဈ)၊ (ည)၊ (ဋ)၊ ပုဒ်မ ၂၇ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၂၉ ပုဒ်မခွဲ (က) တို့အရ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၅၄။ ပုဒ်မ ၅၃ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၅၅။ အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၄)
## ဘဏ္ဍာရေး

၅၆။ မြို့နယ်ခွဲကော်မတီ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို မြို့နယ်ကော်မတီသို့ တင်ပြရမည်။ မြို့နယ်ကော်မတီသည် ယင်းတင်ပြချက်ကို စိစစ်၍ မြို့နယ်ကော်မတီ၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လိုအပ်သလို ထည့်သွင်းရေးဆွဲပြီး ညွှန်ကြားရေးမှူးထံ တင်ပြရမည်။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်၍ ဝန်ကြီးထံ တင်ပြရမည်။

၅၇။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို တိုင်းဒေသကြီးဘဏ္ဍာငွေအရ၊ အသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းအတည်ပြုနိုင်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ဆက်လက်တင်ပြရမည်။

၅၈။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ကောက်ခံသုံးစွဲရမည်။

၅၉။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် -

(က) ဥပဒေနှင့်အညီ ကောက်ခံရရှိသော မိမိအဖွဲ့ရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲပိုင်ခွင့်ရှိသည်။ မြို့နယ်ခွဲကော်မတီသည် မြို့နယ်ကော်မတီ၏ လက်အောက်ခံအဖွဲ့အဖြစ် ဆောင်ရွက်ရမည်။ မြို့နယ်ကော်မတီ၏ ငွေထုတ်သူအရာရှိ ( Drawing officer) သည် မြို့နယ်ခွဲကော်မတီ၏ ငွေထုတ်သူအရာရှိအဖြစ်လည်းကောင်း၊ မြို့နယ်ကော်မတီ၏ ကြီးကြပ်သူအရာရှိ (Controlling officer) သည် မြို့နယ်ခွဲကော်မတီ၏ ကြီးကြပ်သူအရာရှိအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) မိမိအဖွဲ့ရန်ပုံငွေမှ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေစာရင်းသို့ ထည့်ဝင်ရန်ရှိသောငွေကို တိုင်းဒေသကြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ထည့်ဝင်ပေးသွင်းရမည်၊

(ဂ) လတ်တလောအသုံးပြုရန်မလိုအပ်သည့် ရန်ပုံငွေကို ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ တိုးပွားအောင် ဆောင်ရွက်နိုင်သည်၊

(ဃ) နှစ်စဉ်ဘဏ္ဍာရေးနှစ် စစ်ဆေးရေးလုပ်ငန်းများ၏အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း (၉၀) အတွင်း ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(င) မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

## အခန်း (၁၅)
## ဝန်ထမ်းဖွဲ့စည်းပုံ

၆၀။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲ

အတည်ပြုထားရှိရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရာတွင် လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၆၁။ ဝန်ကြီးဌာနသည် ဝန်ထမ်းများ ခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေး၊ ပြည်တွင်းပြည်ပသင်တန်းများစေလွှတ်ရေးနှင့် ဝန်ထမ်းဖွဲ့စည်းပုံပြင်ဆင်ရေးကို အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။ ဝန်ထမ်းများအခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရေးကို အစိုးရအဖွဲ့သို့ တင်ပြပြီးသက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၆၂။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ဝန်ထမ်းများအား ခွင့်ပြုပြီး ဖွဲ့စည်းပုံအတွင်း တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်ထားခွင့်ပြုခြင်း၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ခြင်း၊

(ခ) ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် သင့်လျော်သောဝန်ထမ်းအဆင့်များ သတ်မှတ်၍ ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ ပေးအပ်ခြင်း။

## အခန်း (၁၆)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၆၃။ ဝန်ကြီးဌာနသည် အမှုဆောင်အရာရှိက ငွေစာရင်းများကို စနစ်တကျထိန်းသိမ်းထားနိုင်ရန်နှင့်စစ်ဆေးခြင်းပြုနိုင်ရန် ငွေစာရင်းကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍သတ်မှတ်ရမည်။ သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိရမည်။

၆၄။ အမှုဆောင်အရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏စစ်ဆေးခြင်းကို ခံယူစေရမည်။

## အခန်း (၁၇)
## တားမြစ်ချက်များ

၆၅။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထုတ်ပြန်ထားသော စည်းကမ်းများနှင့်ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူဆိုင်ရာနေရာများတွင် လမ်းသွားရင်း စည်းကမ်းမဲ့အမှိုက် စွန့်ပစ်ခြင်း၊ ကျရောက်စေခြင်း၊ ပြန့်ကျဲအောင်ပြုလုပ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ ပီကေထွေးခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်းများ မပြုလုပ်ရ၊

(ခ) မောင်းနှင်စီးနင်းသွားလာနေသော သို့မဟုတ် ရပ်တန့်ထားသော ယာဉ်တစ်မျိုးမျိုးပေါ်မှ အမှိုက်တစ်စုံတစ်ရာကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ကြဲဖြန့်ခြင်းမပြုရ၊

(ဂ) ယာဉ်များသွားလာသည့်လမ်းများနှင့် လူသွားစင်္ကြံလမ်းများပေါ်တွင် အမှိုက်သရိုက်အညစ်အကြေးများကို စုပုံခြင်း၊ သွန်ချခြင်းမပြုရ၊

(ဃ) အမှိုက်ကန်၊ အမှိုက်ပုံးသို့ သွားရောက်သည့်လမ်းကြောင်းတွင် မည်သည့်အမှိုက်မျှ စွန့်ပစ်ခြင်းမပြုရ၊

(င) မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီက အမှိုက်စွန့်ပစ်ရန် သတ်မှတ်ပေးထားသောအမှိုက်ကန်၊ အမှိုက်ပုံး၊ ယာယီအမှိုက်စုပုံရန်နေရာနှင့် အမှိုက်သိမ်းဆည်းသည့်ယာဉ်တို့မှအပမည်သည့်နေရာတွင်မျှ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းမပြုရ၊

(စ) မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ် သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်၏လမ်းများပေါ်တွင် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့် တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊ လွှတ်ကျောင်းခြင်း၊ ကြိုးချည်ထားခြင်း၊ အပျော်စီးနင်းခြင်း၊ ယင်းတိရစ္ဆာန်အသေကောင်များကို မသင့်မလျော် သယ်ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုရ၊ အနံ့ဆိုးများကြောင့် အများ ပြည်သူလူထု၏ကျန်းမာရေးကို ထိခိုက်စေခြင်းမဖြစ်စေရ၊

(ဆ) သဘာဝပတ်ဝန်းကျင်ပျက်စီးစေမည့် မြေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်သည့် မည်သည့်အရာမျှ မပြုလုပ်ရ။

၆၆။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ် အတွင်း မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခု ပေါ်တွင် ပိတ်ဆို့၍ အထည်၊ အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရ၊

(ဂ) လမ်းပေါ်နှင့်လမ်းဘေးတွင် ယာဉ်များကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ညအိပ် ရပ်နားခြင်းမပြုရ၊

(ဃ) ဆိုင်းဘုတ်နှင့်ကြော်ငြာများ စိုက်ထူခြင်းမပြုရ။

၆၇။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် သော်လည်းကောင်း၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ခွဲကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း -

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရ၊

(ဂ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေး စသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(ဃ) အများပြည်သူသုံး သန့်စင်ခန်း ဖွင့်လှစ်ခြင်းမပြုရ၊

(င) ကိုယ်ပိုင်လမ်း ဖောက်ခြင်းမပြုရ၊

(စ) ဝင်ထွက်နိုင်သောလမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရ။

၆၈။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင်သော်လည်းကောင်း၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ခွဲကော်မတီ၏ ခွင့်ပြုချက်

မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း -

(က) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်းမပြုရ၊

(ခ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(ဂ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) စက်တပ်ယာဉ်ငယ်နှင့်မော်တော်ယာဉ်၊ ယာဉ်ရပ်နားစခန်းများ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၆၉။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ခွဲကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း -

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း သို့မဟုတ် ဖြိုဖျက်ခြင်းမပြုရ၊

(ခ) ဆောက်လုပ်ပြီးအဆောက်အအုံတွင် လူနေထိုင်ခြင်း၊ အသုံးပြုခြင်းမပြုရ၊

(ဂ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ၊

(ဃ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကော်မတီက တာဝန်ပေးအပ်သည့် အင်ဂျင်နီယာ သို့မဟုတ် ကော်မတီက ခွင့်ပြုထားသော ဤဥပဒေအရ ရေးဆွဲထားသော စည်းကမ်းများနှင့်အညီ တရားဝင်လိုင်စင်ရ အင်ဂျင်နီယာမှအပ မည်သူမျှ ကြီးကြပ်ဆောင်ရွက်ခြင်းမပြုရ။

၇၀။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ခွဲကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း -

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်းမပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို (၁၂) နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်းမပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုရ။

၇၁။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ခွဲကော်မတီ၏ခွင့်ပြုချက်မရှိလျှင်

သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း -

(က) အခန်းလိုက်ငှားသော အဆောက်အအုံများ သို့မဟုတ် ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) ထိန်းချုပ်အစားအသောက်များမှအပ အစားအသောက်ပြုလုပ်ခြင်း၊ ရောင်းချခြင်းနှင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

(ဂ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်၊ ယိုမျိုးစုံလုပ်ငန်း၊ စားသောက်ကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ထုတ်လုပ်သိုလှောင် ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၇၂။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ခွဲကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း -

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

၇၃။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ခွဲကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း -

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ၊

(ဂ) ကျွဲ၊ နွားများ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်းမပြုရ။

၇၄။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင် မြို့နယ်ခွဲကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်သော်လည်းကောင်း -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရ၊

(ဃ) ကျွဲ၊ နွားပွဲစျေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(င) ရေခဲနှင့်အချိုရေစက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(စ) စက်တပ်ယာဉ်ငယ်များ၊ မော်တော်ယာဉ်များအတွက် ယာဉ်ရပ်နားစခန်းများ၊ ခရီးသည်တင်/ချ ပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာ သို့မဟုတ် စက်တပ်ယာဉ်ငယ်နှင့် မော်တော်ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ဆ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဇ) ပြင်ပမှ ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်၊ အသားများ ဖြတ်သန်းသယ်ယူခြင်းမပြုရ။

၇၅။ မည်သူမျှမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ် တွင် -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ စည်းကမ်းများအရ တာဝန် ဝတ္တရား ဆောင်ရွက်ရန်မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန် ဝင်ရောက်မည့် မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီကိုဖြစ်စေ၊ ကော်မတီဝင် သို့မဟုတ် မြို့နယ်ခွဲကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကိုဆောင်ရွက်ရန် မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲ ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့်ဆက်နွယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့် အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်းမပြုရ။

## အခန်း (၁၈)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ ချမှတ်ခြင်း

၇၆။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် ပုဒ်မ ၈၁ တွင် ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည်။

၇၇။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် ပုဒ်မ ၈၁ တွင် မည်သို့ပင်ပြဋ္ဌာန်းစေကာမူ ပထမအကြိမ်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ အနည်းဆုံး ကျပ်တစ်ထောင်မှ အများဆုံး ကျပ်ငါးထောင်အထိ ချမှတ်နိုင်သည်။ ထို့အပြင် သက်ဆိုင်ရာပစ္စည်းကိုလည်း အဖွဲ့ပိုင်အဖြစ် သိမ်းဆည်း နိုင်သည်။

၇၈။ ပထမအကြိမ်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ ချမှတ်သည့် ပြစ်မှုအတွက် တရား ရုံးတွင် ထပ်မံတရားစွဲဆိုခြင်းမပြုရ။

၇၉။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အဖြစ် ချမှတ်သည့် ဒဏ်ကြေးငွေပေးဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၈၀။ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်ရမည့်နည်းလမ်းများကို သတ်မှတ်နိုင်သည်။

## အခန်း (၁၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၈၁။ မည်သူမဆို အောက်တွင် ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ်

ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငွေဒဏ်ကျပ်နှစ်ထောင်မှ အများဆုံး ငွေဒဏ်ကျပ်နှစ်သောင်း ထိချမှတ်ရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၄ (ဈ) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံး သို့မဟုတ် ရေနံ သုတ်စေခြင်း၊ |
| ၂၄ (ည) | ဝင်းခြံမခတ်ထားသည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၂၄ (ဋ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ ထွက်ရှိသောအမှိုက်များကို သိမ်းစေခြင်း၊ |
| ၂၆ | မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ ဥပဒေနှင့်အညီ ထုတ်ပြန်ကြေညာထားသော စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် အမိန့်ညွှန်ကြားချက်များအား လိုက်နာမှုမရှိခြင်း၊ |
| ၂၇ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့် ဖုံးအုပ်စေခြင်း၊ |
| ၂၈ (က) | အမှိုက်များစွန့်ပစ်ရန် အမှိုက်ပုံးများ ထားရှိစေခြင်း၊ |
| ၃၁ | အနေ့းယာဉ်လိုင်စင်မရှိဘဲ အနေ့းယာဉ်တည်ထောင်ခြင်း၊ |
| ၃၂ | အနေ့းယာဉ်မောင်းလိုင်စင်မရှိဘဲ အနေ့းယာဉ်မောင်းနှင်ခြင်း၊ |
| ၃၃ | အနေ့းယာဉ်ပိုင်ရှင်နှင့် အနေ့းယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာစေခြင်း၊ |
| ၆၅ (က) | လမ်းပေါ်တွင် အမှိုက်စွန့်ပစ်ခြင်း၊ ကျရောက်စေခြင်း၊ ကြဖြန့်အောင်ပြုလုပ်ခြင်း၊ ကွမ်းတံတွေး ထွေးခြင်း၊ ပီကေထွေးထုတ်ခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၅ (ခ) | ယာဉ်ပေါ်မှ အမှိုက်တစ်စုံတစ်ရာကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ကျဲချခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၅ (ဂ) | ယာဉ်များသွားလာသည့်လမ်းနှင့် လူသွားစင်္ကြံလမ်းများပေါ်တွင် အမှိုက်စုပုံခြင်း၊ သွန်ချခြင်း မပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၅ (ဃ) | အမှိုက်ကန်၊ အမှိုက်ပုံး ဝင်ထွက်လမ်းများတွင် အမှိုက်စွန့်ပစ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၅ (င) | အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသောနေရာမှအပ အခြားနေရာတွင် အမှိုက်စွန့်ပစ်ခြင်း မပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၆ (ခ) | လမ်း၊ ရေမြောင်း၊ သွားလာသည့် ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ဂ) | လမ်းပေါ်တွင် ယာဉ်များကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ညအိပ် ရပ်နားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (က) | အများပြည်သူသွားလာသည့်လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ခ) | လမ်းနှင့်လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ခင်းကျင်း ဈေးရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဂ) | အမှိုက်၊ မိလ္လာအညစ်အကြေး စသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ် မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၇၄ (ခ) | မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၄ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်ပါသည်။

၈၂။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်တစ်သိန်းထိ ချမှတ်ရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၄ (က) | သတ်မှတ်ချက်နှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၂၄ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားစေခြင်း၊ |
| ၂၄ (ဂ) | လမ်းတံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသောအဆောက်အအုံကို ဖယ်ရှားစေခြင်း၊ |
| ၂၄ (ဇ) | အန္တရာယ်ရှိသော အဆောက်အအုံကို ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ ဖယ်ရှားခြင်း၊ |
| ၂၄ (ဌ) | စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသည့်မြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံများ ဖျက်သိမ်းစေခြင်း၊ |
| ၂၇ (က) | အန္တရာယ်ရှိသော သို့မဟုတ် အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၇ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့် ရေကြောင့် အများပြည်သူလမ်းနှင့်ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်း၊ ပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၇ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းစွာထုတ်ပစ်ရန် ရေကို ပြုပြင်စေခြင်း၊ ရေဆိုးများအား စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊ |
| ၂၇ (င) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စီမံထားရှိခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၇ (စ) | ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊ |
| ၂၇ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၇ (ဇ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှု လျော်ကြေးငွေ ပေးစေခြင်း၊ |
| ၂၈ (ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၂၈ (ဂ) | ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသောအဆောက်အအုံကို သတ်မှတ်စည်းကမ်း များနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၈ (ဃ) | ပျော်ပွဲ၊ ရွှင်ပွဲအတွက် အသုံးပြုမည့် အဆောက်အအုံကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၉ (က) | အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း၊ |
| ၆၅ (ဆ) | သဘာဝပတ်ဝန်းကျင်ပျက်စီးစေမည့် မြေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၆ (က) | အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် ပေါ်တွင် အဆောက်အအုံများ ကျူးကျော်ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ဃ) | မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆိုင်းဘုတ်နှင့်ကြော်ငြာများ စိုက်ထူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဃ) | အများပြည်သူသုံးသန့်စင်ခန်း ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (င) | ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (စ) | ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၈ (က) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၈ (ခ) | ကိုယ်ပိုင်စီးပွားဖြစ်ရေပေးရေးလုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၈ (ဂ) | အများပြည်သူအတွက် စခန်းချရာနေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၈ (ဃ) | စက်တပ်ယာဉ်ငယ်နှင့် မော်တော်ယာဉ် ယာဉ်ရပ်နားစခန်းများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (က) | အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ခ) | ဆောက်လုပ်ပြီးအဆောက်အအုံတွင် လူနေထိုင်ခြင်း၊ အသုံးပြုခြင်းမပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၉ (ဂ) | အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်း လုပ်ကိုင်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၉ (ဃ) | အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကော်မတီက တာဝန်ပေးအပ်ထားသည့် အင်ဂျင်နီယာ သို့မဟုတ် ကော်မတီက ခွင့်ပြုထားသော ဤဥပဒေအရ ရေးဆွဲထားသည့် စည်းကမ်းများနှင့်အညီ ကော်မတီက ခွင့်ပြုထားသော တရားဝင်လိုင်စင်ရ အင်ဂျင်နီယာမှအပ မည်သူမျှ ကြီးကြပ်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၀ (က) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၇၀ (ခ) | ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို (၁၂) နာရီထက်ကျော်လွန်၍ ထားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၀ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၁ (က) | ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံများ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၁ (ခ) | ထိန်းချုပ်အစားအသောက်မှအပ စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၁ (ဂ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်၊ ယိုမျိုးစုံလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၃ (က) | တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၃ (ဂ) | ခွင့်ပြုချက်မရရှိဘဲ လမ်းပေါ်တွင် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့် တိရစ္ဆာန်များအား လွှတ်ကျောင်းခြင်း၊ ကြိုးချည်ထားခြင်း၊ စီးနင်းခြင်း၊ ယင်းတိရစ္ဆာန်အသေကောင်များကို မသင့်မလျော်သယ်ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ အနံ့ဆိုးများကြောင့် ပြည်သူလူထု၏ကျန်းမာရေးကို ထိခိုက်မှုမရှိစေရန် တားမြစ်ခြင်း၊ |
| ၇၄ (က) | ကိုယ်ပိုင်ဈေးဖွင့်လှစ်ခြင်း၊ ဈေးနေရာ ပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာ တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၄ (ဃ) | ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၄ (င) | ရေခဲနှင့်အချိုရည်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၄ (စ) | စက်တပ်ယာဉ်ငယ်များ၊ မော်တော်ယာဉ်များအတွက် ယာဉ်ရပ်နားစခန်းများ၊ ခရီးသည်တင်/ချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာ သို့မဟုတ် စက်တပ်ယာဉ်ငယ်နှင့် မော်တော်ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၄ (ဇ) | ပြင်ပမှ ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်အသားများ ဖြတ်သန်းသယ်ယူခြင်းမပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်ပါသည်။

၈၃။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၈ (င) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ ပိတ်ထားစေခြင်း၊ |
| ၂၉ (ခ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ဖျက်သိမ်းစေခြင်း၊ |
| ၇၂ (က) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၂ (ခ) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများ ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၇၃ (ခ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း၊ |
| ၇၄ (ဆ) | အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ် ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်ပါသည်။

၈၄။ မည်သူမဆို ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ နှင့် ပုဒ် ၃၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငွေဒဏ်ကျပ်ငါးထောင်မှ အများဆုံး ငွေဒဏ်ကျပ်ငါးသောင်းထိ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့် သက်ဆိုင်သောသက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၈၅။ မည်သူမဆို ပုဒ်မ ၇၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငွေဒဏ်ကျပ်ငါးထောင်မှ အများဆုံး ငွေဒဏ်ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

၈၆။ မည်သူမဆို ပုဒ်မ ၈၁ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို ဆက်လက်၍ လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ်နှစ်ထောင် ချမှတ်ရမည်။

၈၇။ မည်သူမဆို ပုဒ်မ ၈၂ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင်

ဆက်လက်၍လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို ဆက်လက်၍ လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ်တစ်သောင်း ချမှတ်ရမည်။

၈၈။ မည်သူမဆို ပုဒ်မ ၈၃ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို ဆက်လက်၍ လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်လအထိ တစ်နေ့လျှင် ငွေဒဏ်ကျပ်တစ်သောင်း ချမှတ်ရမည်။ တစ်လပြည့်ပြီးနောက် ဆက်လက်ကျူးလွန်မှုအတွက် ထပ်မံတရားစွဲဆိုခြင်းခံရပါက အနည်းဆုံး ထောင်ဒဏ် (၃) လမှ အများဆုံး ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်ရမည်။

၈၉။ (က) မည်သူမဆိုခွင့်ပြုချက်မရှိဘဲ မြင်း၊ သိုး၊ ဆိတ်၊ ဝက်ကို သတ်ဖြတ်ကြောင်း သို့မဟုတ် မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့၏အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို အနည်းဆုံး ငွေဒဏ်ကျပ်ငါးထောင်မှ အများဆုံး ငွေဒဏ်ကျပ်ငါးသောင်းအထိဖြစ်စေ၊ (၆) လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်၊

(ခ) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်တစ်သိန်းထိဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်၊

(ဂ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခြင်းခံရသူသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

## အခန်း (၂၀)

## အထွေထွေ

၉၀။ (က) ပုဒ်မ ၄၄ ကို ဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသောအမှုများကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စွဲဆိုသောအမှုများမှအပ ဤဥပဒေအရ စွဲဆိုသော အမှုများကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်သောပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၉၁။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

၉၂။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက် ပိုသောအဖွဲ့များနှင့် ဆက်စပ်သည့်လုပ်ငန်းများဖြစ်ပါက သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များသည် အောက်ပါအတိုင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည် -

(က) တိုင်းဒေသကြီးအတွင်းဖြစ်ပါက ဝန်ကြီး၏ခွင့်ပြုချက်ကို ရယူဆောင်ရွက်ခြင်း၊

( ခ ) အခြားတိုင်းဒေသကြီးများနှင့်ဆက်စပ်နေပါက ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ကို ရယူဆောင်ရွက်ခြင်း။

၉၃။ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီသည် ယခင်စည်ပင်သာယာရေးအဖွဲ့များဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့ပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၉၄။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းတို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၉၅။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၉၆။ မြို့နယ်ကော်မတီဝင် သို့မဟုတ် မြို့နယ်ခွဲကော်မတီဝင် သို့မဟုတ် မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီ၏ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းအသီးသီးကိုလည်းကောင်း၊ မြို့နယ်ကော်မတီ သို့မဟုတ် မြို့နယ်ခွဲကော်မတီက စည်းကြပ်ထားသည့်အခွန်အခနှင့် ငှားရမ်းထားသူအသီးသီးကိုလည်းကောင်း၊ မြို့နယ်ကော်မတီနှင့် မြို့နယ်ခွဲကော်မတီက စည်းကြပ်ထားသည့် အခွန်၊ အခ၊ အကောက်တို့ကို ကောက်ခံသည့် ကိုယ်စားလှယ်အသီးသီးကိုလည်းကောင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၉၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

( ခ ) ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်ဆွေ၊
ဝန်ကြီးချုပ်၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

**ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ**
**ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် လက်မှတ်ရေးထိုးပြီးသော ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း၊
ဥက္ကဋ္ဌ၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

**၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ**
**( ၂၀၁၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၆။)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မြို့တော်နယ်နိမိတ်**ဆိုသည်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်ကို ဆိုသည်။

(ခ) **တိုင်းဒေသကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးချုပ်**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(င) **ဥက္ကဋ္ဌ**ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ဥက္ကဋ္ဌကို ဆိုသည်။

(စ) **မြို့တော်ဝန်**ဆိုသည်မှာ ရန်ကုန်မြို့တော်ဝန်ကို ဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဇ) **ကော်မတီဝင်**ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဈ) **ဌာနကြီးမှူး**ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၏ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ည) **ဌာနမှူး**ဆိုသည်မှာ ဝန်ထမ်းဖွဲ့စည်းပုံအရ ဖွဲ့စည်းသည့် စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိ သက်ဆိုင်ရာဌာနအသီးသီး၏တာဝန်ခံကို ဆိုသည်။

(ဋ) **ခရိုင်စည်ပင်သာယာရေးကော်မတီ**ဆိုသည်မှာ ခရိုင်စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီကို ဆိုသည်။

(ဌ) **ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး**ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆိုသည်။

(ဍ) **ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ကြီးကြပ်ကွပ်ကဲရသောအရာရှိကို ဆိုသည်။

(ဎ) **မြို့နယ်စည်ပင်သာယာရေးကော်မတီ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသည့်ကော်မတီကို ဆိုသည်။

(ဏ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး**ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆိုသည်။

(တ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ကြီးကြပ်ကွပ်ကဲရသောအရာရှိကို ဆိုသည်။

(ထ) **ရန်ပုံငွေ**ဆိုသည်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ရန်ပုံငွေကို ဆိုသည်။

(ဒ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်။

(ဓ) **စည်းမျဉ်း၊ စည်းကမ်းများ**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော စည်းမျဉ်း၊ စည်းကမ်းများကို ဆိုသည်။

(န) **ပတ်ဝန်းကျင်**ဆိုသည်မှာ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ ပါဝင်သည့် လူသားတို့ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်း ဆိုသည်။

(ပ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘောအရလည်းကောင်း၊ လုပ်ငန်း ဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း လူ၏အသက် သို့မဟုတ် ကျန်းမာရေးနှင့် ပစ္စည်းများကို ထိခိုက်ပျက်စီး အနှောင့်အယှက်အန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းများကို ဆိုသည်။

(ဖ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်အရပ်ရပ်ကို ဆိုသည်။

(ဗ) **အခ**ဆိုသည်မှာ ဤဥပဒေအရ ဆောင်ရွက်ပေးခြင်းများအတွက် ကောက်ခံသည့်အခကို ဆိုသည်။ ယင်းစကားရပ်တွင် အကောက်၊ အခနှင့်ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဘ) **ပစ္စည်းခွန်**ဆိုသည်မှာ မြေဖြစ်စေ၊ အဆောက်အအုံဖြစ်စေ၊ မြေနှင့်အဆောက်အအုံဖြစ်စေ ၎င်းတို့၏ နှစ်စဉ်တန်ဖိုးအပေါ် သတ်မှတ်သောရာခိုင်နှုန်းဖြင့် ကောက်ခံသောအခွန်ကို ဆိုသည်။ ယင်းစကား ရပ်တွင် အထွေထွေခွန်၊ မီးခွန်၊ ရေခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်တို့ ပါဝင်သည် -

(၁) **အထွေထွေခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများ၊ ရေမြောင်းများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်း စသည်များ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊

ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ကုန်ကျစရိတ်များ ကာမိစေရန် စည်းကြပ်သည့်အခွန်ကို ဆိုသည်။

(၂) **မီးခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများတွင် မီးထွန်းပေးခြင်းအတွက် စရိတ်ကျခံနိုင်စေရန် စည်းကြပ်ကောက်ခံသောအခွန်ကို ဆိုသည်။

(၃) **ရေခွန်**ဆိုသည်မှာ ကော်မတီက ရေဖြန့်ဝေပေးခြင်းအတွက် ကောက်ခံသည့်အခွန်ကို ဆိုသည်။

(၄) **အမှိုက်နှင့်အညစ်အကြေးခွန်**ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မိလ္လာသန့်စင်ခြင်းလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ရှင်းလင်းခြင်းတို့အတွက် ဆောင်ရွက်ရသည့် စရိတ်များအား ကျခံနိုင်စေရန် စည်းကြပ်သည့်အခွန်ကို ဆိုသည်။

(မ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်ချောင်း သို့မဟုတ် ရေကန်ကြီးများတွင် ဆိပ်ခံတံတား၊ ဇောတံတား၊ ရေဆင်းတံတား၊ ကူးတို့ဆိပ်ခံ သို့မဟုတ် ကူးတို့ဆိပ်တစ်ခုမှတစ်ခုသို့ ခရီးသည်၊ ကုန်စည်၊ ပစ္စည်း ကိရိယာ သို့မဟုတ် တိရစ္ဆာန်ကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာကူးတို့လုပ်ငန်းကို ဆိုသည်။

(ယ) **အနေးယာဉ်**ဆိုသည်မှာ လူအား သို့မဟုတ် တိရစ္ဆာန်အားကို အသုံးပြု၍ လူကိုဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ သယ်ယူပို့ဆောင်ပေးသော ဆိုက်ကား၊ တွန်းလှည်း၊ ဆွဲသည့်လှည်း သို့မဟုတ် အခြား ဘီးတပ်ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ရ) **အရန်မြေ**ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့က အနာဂတ်စီမံကိန်းများ ဆောင်ရွက်ရန် သတ်မှတ်ထားသောမြေကို ဆိုသည်။

(လ) **ကျူးကျော်ဈေးသည်**ဆိုသည်မှာ ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း ပုံကျ ရောင်းချနေသောဈေးသည်ကို ဆိုသည်။

(ဝ) **ကျူးကျော်ဈေး**ဆိုသည်မှာ ကျူးကျော်ဈေးသည်များ စုဝေးရောင်းချသည့်နေရာကို ဆိုသည်။

(သ) **ကိုယ်ပိုင်ဈေး**ဆိုသည်မှာ မြို့တော်နယ်နိမိတ်အတွင်း ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က ဈေးအဖြစ် အသုံးပြုရန် ကော်မတီထံမှ လိုင်စင်ရယူ၍ ဖွင့်လှစ်သောဈေးကို ဆိုသည်။ ယင်းစကားရပ်တွင် ဈေးအဆင့်သတ်မှတ်သည့် ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက် များလည်း ပါဝင်သည်။

## အခန်း (၂)
## ဖွဲ့စည်းခြင်း

၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အစိုးရအဖွဲ့သည် ကော်မတီကို နိုင်ငံသား အဖွဲ့ဝင် (၉) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | |
|---|---|
| (က) နိုင်ငံတော်သမ္မတက မြို့တော်ဝန်အဖြစ် ခန့်အပ်ထားသည့်ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) မြို့တော်နယ်နိမိတ်အတွင်း စည်ပင်သာယာခရိုင် (၄) ခရိုင်မှ ခရိုင် (၁) ခရိုင်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် ရွေးကောက်တင်မြှောက်သူ | ကော်မတီဝင်(၄) ဦး |
| (ဂ) အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးသူ ---- | ကော်မတီဝင် (၄) ဦး |

၄။ အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးသူ ကော်မတီဝင် (၄) ဦးအနက်မှ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၅။ ကော်မတီ၏ဥက္ကဋ္ဌသည် ရန်ကုန်မြို့တော်ဝန်ဖြစ်သည်။

၆။ ဌာနကြီးမှူးသည် ကော်မတီ၏တွဲဖက်အတွင်းရေးမှူးဖြစ်သည်။

၇။ ကော်မတီသည် ဝန်ကြီးချုပ်အား တိုက်ရိုက်တာဝန်ခံရမည်။

၈။ ကော်မတီသည် ခရိုင်စည်ပင်သာယာရေးကော်မတီကို စည်ပင်သာယာခရိုင်အတွင်းရှိ အောက်ဖော်ပြပါ နိုင်ငံသားပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | | |
|---|---|---|---|
| (က) | ရပ်မိရပ်ဖများမှ ရွေးကောက်တင်မြှောက်သူ | (၁) ဦး ---- | ဥက္ကဋ္ဌ |
| (ခ) | အတတ်ပညာရှင်၊ အသိပညာရှင်များမှ ရွေးကောက်တင်မြှောက်သူ | (၁) ဦး ---- | အဖွဲ့ဝင် |
| (ဂ) | လူမှုရေးအဖွဲ့အစည်းများမှ ရွေးကောက်တင်မြှောက်သူ | (၁) ဦး ---- | အဖွဲ့ဝင် |
| (ဃ) | ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | (၁) ဦး ---- | အဖွဲ့ဝင် |
| (င) | ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး | (၁) ဦး ---- | အတွင်းရေးမှူး |

၉။ ကော်မတီသည် မြို့နယ်စည်ပင်သာယာရေးကော်မတီကို မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နိုင်ငံသားပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | | |
|---|---|---|---|
| (က) | ရပ်မိရပ်ဖများမှ ရွေးကောက်တင်မြှောက်သူ | (၁) ဦး ---- | ဥက္ကဋ္ဌ |
| (ခ) | အတတ်ပညာရှင်၊ အသိပညာရှင်များမှ ရွေးကောက်တင်မြှောက်သူ | (၁) ဦး ---- | အဖွဲ့ဝင် |
| (ဂ) | လူမှုရေးအဖွဲ့အစည်းများမှ ရွေးကောက်တင်မြှောက်သူ | (၁) ဦး ---- | အဖွဲ့ဝင် |
| (ဃ) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | (၁) ဦး ---- | အဖွဲ့ဝင် |
| (င) | မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး | (၁) ဦး ---- | အတွင်းရေးမှူး |

၁၀။ ကော်မတီ၏သက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းအတိုင်းဖြစ်သည်။

## အခန်း (၃)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၁။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပြုရမည် -

(က) မြေများနှင့်စပ်လျဉ်း၍ မူဝါဒ ချမှတ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(ခ) အများပြည်သူသုံး ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ အပန်းဖြေရိပ်သာများနှင့်နေရာများ၊ ရေကူးကန်၊ ရေချိုးဆိပ်၊ ရေချိုးခန်း နှင့် ရေအိမ်သာများ၊ သောက်ရေအိုးစင်များ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အများပြည်သူနှင့်ဆိုင်သောကိစ္စတစ်ရပ်ရပ်အတွက် လွယ်ကူစွာ အသုံးပြုနိုင်ရန် မြေကွက်လပ်များ စီမံထားရှိခြင်း၊ ကြီးကြပ်ခြင်းနှင့်ထိန်းသိမ်းခြင်း။

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ အထောက်အကူပြုစေရန်အတွက် ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲများ ကျင်းပခြင်း။

(ဃ) ယာဉ်များသွားလာခြင်း၊ ရပ်နားခြင်း၊ ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ ယာဉ်ရောင်းဝယ်ရေး စခန်းများ တည်ဆောက်ခြင်း၊ ယာဉ်မောင်းသင်လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ ယင်းတို့နှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(င) အငှားယာဉ်အမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်၍ အငှားယာဉ်လိုင်စင်နှင့် အငှားယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် သတ်မှတ်ကာလအတွင်း သက်တမ်းတိုးရန် ပျက်ကွက်သည့်လိုင်စင်ကို ပယ်ဖျက်ခြင်း၊ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ အငှားယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

(စ) ကျွဲ၊ နွား တိရစ္ဆာန်များ၊ အိမ်မွေးတိရစ္ဆာန်များနှင့်စပ်လျဉ်း၍ -

(၁) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်း၊ ထိန်းကျောင်းခြင်း၊ သယ်ဆောင်ခြင်း၊ စီးနင်းခြင်းတို့နှင့် ဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ခွင့်ပြုခြင်း။

(၂) ကျွဲ၊ နွား ပွဲဈေးများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း။

(၃) အများပြည်သူ စားသုံးရန်အလို့ငှာ အသားထုတ်လုပ်ရုံများ တည်ထောင်ခြင်း၊ အသားများ ပြုပြင်ထုတ်လုပ်ခြင်း၊ စနစ်တကျ ထုပ်ပိုးသယ်ဆောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် သားငါးများ၊ အိမ်မွေးတိရစ္ဆာန်များ၊ ထုတ်လုပ်၊ သယ်ဆောင်ရောင်းချခြင်း ဖြစ်စေရန် စီမံ ခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း။

(၄) ပြည်သူ့ကျန်းမာရေးကို အန္တရာယ်ဖြစ်စေသည့် ခွေးလေခွေးလွင့်၊ မြေကြွက်၊ ကျီးနှင့် ရောဂါပိုးများ သယ်ဆောင်တတ်သည့် အခြားတိရစ္ဆာန်များကို သုတ်သင်ရှင်းလင်းခြင်း၊ တိရစ္ဆာန်ထိန်းသိမ်းရေးရုံများ ဆောက်လုပ်၍ စည်းကမ်းမဲ့သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်း အရေးယူဆောင်ရွက်ခြင်း။

(ဆ) ဈေးများတည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း။

(ဇ) လမ်းဘေးဈေးဆိုင်များ၊ ကျူးကျော်ဈေးသည်များနှင့်စပ်လျဉ်း၍ စည်းကမ်းများ သတ်မှတ်ခြင်း။

(ဈ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲဆောင်ရွက်ခြင်း။

(ည) အမှိုက်ပုံး၊ အမှိုက်ကန်၊ ယာယီစွန့်ပစ်မည့် အမှိုက်ပုံနေရာများ၊ ထပ်ဆင့်လွှဲပြောင်းစနစ် ဆောင်ရွက် မည့် အမှိုက်စွန့်နေရာများနှင့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံမြေနေရာများ သတ်မှတ်ခြင်း၊ ရွှေ့ပြောင်း ခြင်း၊ ပိတ်သိမ်းခြင်း၊ အခြားနည်းလမ်းဖြင့် အသုံးပြုခြင်း၊ စီမံခန့်ခွဲကြီးကြပ်ခြင်း။

(ဋ) ရန်ကုန်မြို့တော်ပတ်ဝန်းကျင်အရည်အသွေး ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် ထုတ်လွှတ် အခိုးအငွေ့များ၊ စွန့်ထုတ်အရည်များနှင့် စွန့်ထုတ်အစိုင်အခဲများ၊ ကုန်ထုတ်လုပ်မှုနည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် ထုတ်ကုန်များ၏စံချိန်စံညွှန်းများ အပါအဝင် ပတ်ဝန်းကျင်အရည်အသွေးစံချိန် စံညွှန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ရန် ညွှန်ကြားခြင်း။

(ဌ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ကူးတို့လမ်းကြောင်းသတ်မှတ်ခြင်း၊ ကူးတို့လုပ်ငန်းများ တည်ထောင် လုပ်ကိုင်ခွင့်ပြုပြီး ကူးတို့လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်း၊ ပယ်ဖျက်ခြင်း၊ ကူးတို့လုပ်ငန်း စီမံ ခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော အခြားတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရှိ ကူးတို့များ၏အခွန်ရငွေကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း။

(ဍ) ပွဲရုံလုပ်ငန်းများနှင့် ပုဂ္ဂလိကအပေါင်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း။

(ပ) မီးဘေး၊ ရေဘေး၊ လေဘေး စသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးသတ်ယာဉ်များ၊ မီးသတ်စက်ကိရိယာပစ္စည်းများကို စီမံထားရှိခြင်းနှင့် ကော်မတီပိုင် လိုအပ်သော ပစ္စည်းများအား မီးအာမခံထားရှိခြင်း၊ မီးဘေးအန္တရာယ်ရှိ အဆောက်အအုံနှင့် တဲများအား ဖျက်သိမ်းဖယ်ရှားစေခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း။

(ဏ) ရေတွင်း၊ ရေကန်၊ ရေမြောင်းများနှင့်စပ်လျဉ်း၍ အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုး စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း။

(တ) နေအိမ်အဆောက်အအုံများနှင့် အများပြည်သူ ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို မီးဘေးလုံခြုံမှုရှိစေရန် စီမံဆောင်ရွက်ခြင်း။

(ထ) လေလွင့်သွားလာနေသော စိတ်ဝေဒနာရှင်များ၊ ကိုယ်ရေပြားရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဒ) နာရေးကိစ္စအတွက် သင်္ချိုင်းများ တည်ဆောက်ခြင်း၊ သင်္ဂြိုဟ်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဓ) သုသာန်မြေများ သတ်မှတ်ခြင်း၊ သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း၊ ထိုသို့ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ခြင်း။

(န) ပြည်သူလူထုအား ထိခိုက်နိုင်သည့် အန္တရာယ်အယှက်အတားအဆီးများ၊ ဘေးအန္တရာယ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်စေရန် ဆောင်ရွက်ခြင်း။

(ပ) ကော်မတီ၏မူဝါဒအရ ဆောင်ရွက်ချက်များ၊ တားမြစ်ချက်များနှင့် ပြစ်ဒဏ်များအား ရန်ကုန်မြို့တော်နေ ပြည်သူလူထုတစ်ရပ်လုံးနှင့် မြို့တော်တွင်း ဝင်၊ ထွက်သွားလာသူအားလုံးမှ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် လူထုဆက်သွယ်ရေးနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်း။

(ဖ) စက်ဆုပ်ဖွယ်ရာဖြစ်သည့်အပြင် ဘေးအန္တရာယ်ဖြစ်စေနိုင်သောသားငါးများ၊ ပစ္စည်းများရောင်းဝယ်ခြင်း၊ သယ်ဆောင်ခြင်းကို တားမြစ်ခြင်း။

(ဗ) မြို့တော်နယ်နိမိတ်အတွင်း လမ်းများအသုံးပြုမှုနှင့်ပတ်သက်၍ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ စည်းကမ်းသတ်မှတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း။

(ဘ) မြေအောက်ရေတူးဖော်ခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ ဖြန့်ဝေခြင်း စသည်တို့နှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ စည်းကမ်းချက်သတ်မှတ်ခြင်း။

(မ) စည်ပင်သာယာရေးအခွန်အခများ ကောက်ခံခြင်းနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကော်မတီက တာဝန်ခံဆောင်ရွက်ခြင်း၊ လိုအပ်ပါက သင့်လျော်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား သင့်လျော်သည့်ကာလအတွက် ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ၊ အခြားသင့်လျော်ကောင်းမွန်သောစနစ်ဖြင့်ဖြစ်စေ ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်၍ တာဝန်ပေးအပ်နိုင်ခြင်း။

(ယ) ကော်မတီပိုင်မြေ သို့မဟုတ် ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ သို့မဟုတ် မြေကွက်လပ်များနှင့် အရန်မြေတို့အား မူလသတ်မှတ်ထားသည့်အစီအမံအစား မြို့ပြဖွံ့ဖြိုးမှုအရ လိုအပ်ပါက ပိုမိုတိုးတက်ဖြစ်ထွန်းမည့် အစီအမံများ ပြောင်းလဲဆောင်ရွက်ခြင်း။

(ရ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၁၂။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်ရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၃။ ကော်မတီသည် ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ပိုင်ခွင့်များကို မထိခိုက်စေဘဲ အောက်ပါကိစ္စများကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) မြို့တော်နယ်နိမိတ်သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်သတ်မှတ်ခြင်း။

(ခ) ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပုဂ္ဂိုလ်များနှင့်ဆက်သွယ်၍ မြို့တော်စည်ပင်သာယာရေးအတွက် အထောက်အကူပြုသောလုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများနှင့်အညီ ရန်ပုံငွေဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း။

(ဂ) ကော်မတီပိုင် အဆောက်အအုံနှင့်မြေများကို ငှားရမ်းခြင်း၊ စည်းကမ်းချက်တစ်ရပ်ရပ် ဖောက်ဖျက်သော အငှားယူသူများကို ဖယ်ရှားရှင်းလင်းခြင်း။

(ဃ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ ဌာနဆိုင်ရာပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း။

(င) စည်ပင်သာယာရေးလုပ်ငန်းများအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုအကြံဉာဏ်များ ရယူနိုင်ရန် လိုအပ်သော အကြံပေးနှင့် အကြံပေးအဖွဲ့တို့ကို ဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် ယင်းတို့၏ လစာစရိတ်နှင့် ချီးမြှင့်ငွေများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း။

(စ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်ရန် ခေတ်မီတိုးတက်သည့် နည်းပညာနှင့် နည်းစနစ်များကို အသုံးပြုဆောင်ရွက်ခြင်း။

(ဆ) ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ကျူးကျော်မှုများအား အရေးယူခြင်းနှင့် ဖယ်ရှားခြင်း၊ အထူးသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသော အိမ်ရာစီမံကိန်းများတွင် သတ်မှတ်ထားသော ပန်းဥယျာဉ်၊ ပန်းခြံနှင့် ကစားကွင်းများ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်ဆုံးရှုံးမှုမရှိစေရန် တာဝန်ယူခြင်း၊

(ဇ) မြို့တော်နယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်အတွင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်ဆောက်လုပ်ခြင်းမရှိစေရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း။

(ဈ) အရန်မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ယင်းအရန်မြေပေါ်တွင် ဆောင်ရွက်ရသော စီမံကိန်းလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲခြင်း။

(ည) ဤဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်မှုများတွင် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်ပါက အရေးယူဆောင်ရွက်မှုကို ရပ်ဆိုင်းခြင်း သို့မဟုတ် ကျေအေးခွင့်ပြုနိုင်ခြင်း။

(ဋ) နိုင်ငံတော်သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

## အခန်း (၅)

## မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့် မြေများစီမံခန့်ခွဲခြင်း

၁၄။ ကော်မတီသည် -

(က) မြို့တော်နယ်နိမိတ်အတွက်ဖြစ်စေ၊ တိုးချဲ့ရန်ရည်ရွယ်သည့် နေရာဒေသအတွက်ဖြစ်စေ၊ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြစ်စေ၊ မြို့တော်စည်ပင်သာယာရေးလုပ်ငန်းများအတွက်ဖြစ်စေ မြေယာမူဝါဒများနှင့် မြေအသုံးချခြင်းဆိုင်ရာစီမံချက်များ အပါအဝင် မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးဆွဲရမည်။

(ခ) မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့်အညီ မူဝါဒချမှတ်ခြင်း၊ မြို့တော်နယ်နိမိတ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း ပြုရမည်။

(ဂ) မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့်အညီ မြို့ကွက်များ ဖော်ထုတ်၍ မြို့သစ်များ တည်ထောင် နိုင်သည်။

(ဃ) ကော်မတီနယ်နိမိတ်အတွင်း အဆောက်အဦများဆောက်လုပ်ရာတွင် ခွင့်ပြုမည့်မြေကိုအသုံးချမှုနှင့် အဆောက်အဦအထပ်အရေအတွက်နှင့် အမြင့်ပေများကို သတ်မှတ်နိုင်သည်။

၁၅။ ကော်မတီသည် -

(က) ဤဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ ကော်မတီပိုင်မြေများ၊ ကော်မတီက စီမံခန့်ခွဲပိုင်ခွင့် ရှိသော မြေများ၊ တည်ဆဲဥပဒေနှင့်အညီ သိမ်းယူထားသောမြေများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွှဲပြောင်းရယူသောမြေများကိုလည်းကောင်း၊ ပုဂ္ဂလိကပိုင်မြေများနှင့် မြေငှားစာချုပ်ဖြင့်ဖြစ်စေ၊ လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ ပုဂ္ဂလိကအား နေထိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားသောမြေ များကိုလည်းကောင်း စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

(ခ) မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့်အညီ မြို့ကွက်၊ မြို့သစ်နှင့်မြို့မြေစာရင်းများ၊ ရပ်ကွက် စာရင်းများ၊ မြို့နယ်နှင့်ရပ်ကွက်မြေပုံများကိုပြုစုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပြုလုပ်ပိုင်ခွင့်ရှိသည်။

(ဂ) မြေငှားစာချုပ်များ၊ လိုင်စင်များ၊ ပါမစ်များ ထုတ်ပေးခြင်း၊ သက်တမ်းသတ်မှတ်၍ နေထိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်ပါက ယင်းတို့ကို ဖျက်သိမ်းခြင်း ပြုနိုင်သည်။

(ဃ) မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ခြင်းမရှိသည့်နေရာများကို စနစ်တကျမြို့ကွက်ရိုက်ခြင်းနှင့် ပြန်လည် နေရာချထားခြင်းတို့ ပြုနိုင်သည်။

(င) မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှုစီမံကိန်း အကောင်အထည်ဖော်ရာတွင် မလွတ်ကင်းသော အဆောက်အအုံ များကို ဖယ်ရှားခြင်းနှင့် ဖျက်သိမ်းခြင်းတို့ ပြုနိုင်သည်။ ထိုသို့ဆောင်ရွက်ရာ၌ ပုဂ္ဂလိကပိုင်ပစ္စည်း ဆုံးရှုံးမှု နည်းနိုင်သမျှနည်းစေအောင် ပြုလုပ်ရမည်။ အကယ်၍ ဆုံးရှုံးမှုဖြစ်ပေါ်ပါက ပိုင်ရှင်အား နစ်နာကြေးပေးရမည်။

(စ) စည်ပင်သာယာပိုင်မြေများဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ဆိုင်းဘုတ်များဖြင့် အသိပေးခြင်း၊ နယ်နိမိတ်ကျောက်တိုင်များ စိုက်ထားခြင်း၊ ခြံစည်းရိုး၊ ခြံစည်းရိုးပင်များဖြင့် သတ်မှတ်ထားသော နေရာများတွင် ထင်သာမြင်သာရှိအောင် တာဝန်ရှိသူများမှ ကြေညာခြင်း၊ ကျူးကျော်ခြင်းမပြုလုပ် နိုင်ရန် စောင့်ကြည့်ခြင်း၊ ကျူးကျော်မှုပြုလျှင်ပြုချင်း တားဆီးဖယ်ရှားခြင်း၊ ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အဦများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၁၆။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းသည် မြို့တော်နယ်နိမိတ် အတွင်း အောက်ပါလုပ်ငန်းကိစ္စများ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါက ကော်မတီနှင့်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမည် -

(က) မြို့တော်နယ်နိမိတ်အတွင်း မြေအသုံးချခြင်း၊ အဆောက်အအုံ တည်ဆောက်ခြင်း၊ မြေပြုပြင်ခြင်း။

(ခ) အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များ တည်ထောင်ခြင်း၊ လုပ်ကိုင်ခြင်း။

(ဂ) လမ်းနှင့်တံတားများ ဆောက်လုပ်ခြင်း၊ နန်းကြိုးများ၊ ပြွန်များနှင့်ပိုက်လိုင်းများ ဆက်သွယ်ခြင်း၊ မြေအောက်ဥမင်လိုဏ်ခေါင်းများ ဖောက်လုပ်ခြင်း။

၁၇။ ကော်မတီသည် အများပြည်သူအကျိုးအတွက် မြေနှင့်အဆောက်အအုံများကို သိမ်းဆည်းရန် လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၁၈။ ကော်မတီသည် အများပြည်သူအကျိုးအတွက် ပုဂ္ဂလိကပိုင်မြေနှင့်အဆောက်အအုံများကို ရယူရန် လိုအပ်ပါက ကာလတန်ဖိုးညှိ၍ ဝယ်ယူရယူခြင်းပြုနိုင်သည်။

## အခန်း (၆)

## အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရေမြောင်းများနှင့် လမ်းများဖောက်လုပ်ခြင်း

၁၉။ ကော်မတီသည် မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရေမြောင်းများနှင့် လမ်းများဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) စည်ပင်သာယာရေးလုပ်ငန်းများအတွက် လိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း။

(ခ) အဆောက်အအုံများကို စည်းကမ်းချက်များသတ်မှတ်၍ ဆောက်လုပ်ခွင့်ပြုခြင်း သို့မဟုတ် ဆောက်လုပ်ခွင့်ပြုရန် ငြင်းပယ်ခြင်း၊ ဆောက်လုပ်ပြီးစီးပါက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး အဆောက်အအုံပြီးစီးကြောင်း လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ နေထိုင်အသုံးပြုခွင့်ပြုခြင်း၊ နေထိုင်အသုံးပြုခွင့်ကို ငြင်းပယ်ခြင်း။

(ဂ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းပြုရာတွင် ရေမြောင်းများကို သတ်မှတ်ချက်များနှင့်အညီ ကော်မတီပိုင် ရေမြောင်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်စေခြင်း။

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေပေါ်မှစီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သော လမ်းနှင့်အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာ ကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း။

(င) ကော်မတီသည် မိမိပိုင်ရေမြောင်းအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပဲခူးမြစ်နှင့် ငမိုးရိပ်ချောင်းအတွင်းသို့ စွန့်ထုတ်ခွင့်ရှိသည်။ ထို့ပြင် ယင်းရေမြောင်းများကို မြို့တော်နယ်နိမိတ်အတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ သင့်လျော်သောနေရာ၌ စွန့်ထုတ်နိုင်သည်။

(စ) အများပြည်သူအတွက် နေအိမ်အဆောက်အအုံများ၊ အခန်းများ၊ စုပေါင်းပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပိုင်ဆိုင်ခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် နေထိုင်ခွင့်ပေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်း။

(ဆ) ရေမြောင်းများ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပုဂ္ဂလိကပိုင် ရေမြောင်းများ ဖောက်လုပ်ခွင့်ပြုခြင်း၊ သန့်ရှင်းရေးပြုလုပ်စေခြင်း၊ ကြီးကြပ်ခြင်း။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | { ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်<br>( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် ) } | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၂</u>

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၃

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅) တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) နေရာတွင် သာသနာရေးဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဗလဟိန်းအား ၂၀၁၃ ခုနှစ်၊အောက်တိုဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၃

နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ (၂) ဦးစီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဦးကျော်ကျော်လှိုင်အား ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ လစာနှုန်းတူ ရာထူးဖြင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ပြုလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် )

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၈/၂၀၁၃) ၏ သဘောတူညီချက်အရ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွဲ့နွဲ့ (ငြိမ်း) ကျွမ်းကျင်သူအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် လစဉ်ချီးမြှင့်ငွေ ၆၀,၀၀၀/- (ကျပ်ခြောက်သောင်းတိတိ) ဖြင့် ဒုတိယအကြိမ် (၁) နှစ် ဆက်လက်တာဝန်ပေးခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

## လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )

လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းအား ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၃)

လွှတ်တော်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီအေးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါ အရာထမ်း (၃) ဦးအား ယှဉ်တွဲဖော်ပြပါ တစ်ဆင့်မြင့်ရာထူးများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဦးတင်အောင်ဆွေ | ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| ၂။ | ဦးခင်မောင်ဦး | ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| ၃။ | ဒေါ်နန့်အေးအေးကြည် | ညွှန်ကြားရေးမှူး | ဒုတိယညွှန်ကြားရေးမှူးချုပ် |

## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၃)

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ပါ အရာထမ်း (၄) ဦးအား ယှဉ်တွဲဖော်ပြပါ တစ်ဆင့်မြင့်ရာထူးများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဦးအောင်ဝင်းထွန်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| ၂။ | ဦးဇော်ဇော်ထိုက် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| ၃။ | ဦးမျိုးဝင်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| ၄။ | ဦးမျိုးဇော်ဝင်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၃)

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၃) ကို ရည်ညွှန်း၍ အောက်ပါအရာထမ်း (၃) ဦးသည် ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးတင်အောင်ဆွေ

(ခ) ဦးခင်မောင်ဦး

(ဂ) ဒေါ်နန့်အေးအေးကြည်

၂။ အဆိုပါ အရာထမ်း (၃) ဦးအား ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၂၀၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၃)

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၃) ကို ရည်ညွှန်း၍ အောက်ပါအရာထမ်း (၄) ဦးသည် ညွှန်ကြားရေးမှူးတာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဦးအောင်ဝင်းထွန်း

(ခ) ဦးဇော်ဇော်ထိုက်

(ဂ) ဦးမျိုးဝင်း

(ဃ) ဦးမျိုးဇော်ဝင်း

၂။ အဆိုပါ အရာထမ်း (၄) ဦးအား ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၈၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## အမျိုးသားလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရုံးမှ ညွှန်ကြားရေးမှူး ဦးလွင်ဦးအား အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီး၏ ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) သီတာထွန်း
ဒုတိယညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**မြန်မာဆံကေသာ ကုမ္ပဏီလီမိတက်**

**MYANMAR HAIR COMPANY LIMITED**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **မြန်မာဆံကေသာ ကုမ္ပဏီလီမိတက် (MYANMAR HAIR COMPANY LIMITED)** အား (၂၃-၁၀-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ညွန့်ညွန့်ရီ (ခ) မိုမိုခင်
မန်နေးဂျင်းဒါရိုက်တာ
မြန်မာဆံကေသာ ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**Myanmar Ivanhoe Copper Company Limited**

**Myanmar Ivanhoe Copper Company Limited** ၌ ပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **Myanmar Ivanhoe Copper Company Limited** အား ၃၀-၅-၂၀၁၃ ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်ခင်ချိုကြည် [B.A Law (LL.B, LL.M), Managing Director, Myanmar Legal Services Ltd. Room 117, Inya Lake Hotel အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ၃၀-၇-၂၀၁၃ နေ့တွင် ခန့်အပ်ထားပါသည်။

**Myanmar Ivanhoe Copper Company Limited** နှင့်စပ်လျဉ်းပြီး ရရန်နှင့်ပေးရန်ရှိသည်များကို (၁-၁၂-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြတောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်ခင်ချိုကြည်
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ရွှေကောင်းစည်ဟိန်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**(SHWE KAUNG SI HEIN TRADING CO., LTD.) အား**

**(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

**ရွှေကောင်းစည်ဟိန်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (SHWE KAUNG SI HEIN TRADING CO., LTD.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြော်ငြာစာ

**ထွန်းနှင့်သူငယ်ချင်းများ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်**

**(TUN & FRIENDS MANUFACTURING COMPANY LIMITED)**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက် နံနက် (၉း၀၀) နာရီအချိန်တွင် နံပါတ် ၃၅/၃၇၊ ယမုံနာလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပမည် ဖြစ်ပါ၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်။

၂။ ၎င်းနှင့်ပတ်သက်သည့်အချက်အလက်များ ရှင်းပြရန်။

ဒေါ်မြမြဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၉)၊ (၆) လွှာ၊ ပန်းခြံလမ်း၊
(၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (E) အရ

**(Treasure World Mining Co., Ltd) အား**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန်ဖိတ်ကြားခြင်း

**Treasure World Mining Co., Ltd** ၏ နောက်ဆုံးအစည်းအဝေးကို (၂-၁၂-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ကျော်ညွှန့်၊
[B.A, D.S, C.P.A (R.A)]
အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁-၁၁-၂၀၁၃။